# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၂) ရက် ၊ သောကြာနေ့ ၊ (4-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၈၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒွါဒသမအကြိမ် (၁၂)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒွါဒသမအကြိမ် (၁၂)ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိဆရာတော်ကြီးများ အမှူးပြုသည့်ပင့်ဖိတ်ထားသော ဒေသခံဆရာတော်ကြီး ၂၇ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ⇨



နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

# MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်

အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည်။ ထို့ပြင် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက်လည်း MSME လုပ်ငန်းသည် အဓိကကျသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန် လိုပေသည်။

MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များရရှိနိုင်စေရန်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းစီးပွားရေးကို အားပေးရန်အတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

MSME လုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အဓိကထားဆောင်ရွက်ကြသည်။ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးရှိစေမည်ဖြစ်သည်။ MSME လုပ်ငန်းများအတွက် အဓိကလိုအပ်ချက် လေးခုရှိပြီး ၎င်းတို့မှာ ကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များဖြစ်သည်။ ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းလိုအပ်မှုမရှိစေရန် ပြည်ပမှ ကုန်ကြမ်းများဝယ်ယူခြင်းထက် ပြည်တွင်းနှင့် ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများနှင့် သဘာဝသယံဇာတကုန်ကြမ်းများကို အသုံးပြုကြရမည်ဖြစ်သည်။ အချက်အချာကျသည့် ဒေသများတွင် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စက်မှုကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုပေသည်။

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အဓိကကျသည့် ခရိုင်ကြီးများတွင် စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်များတွင် စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုပေသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများစွာရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန် ကုန်ကြမ်းများကို အရည်အသွေးမီ ထုတ်ကုန် ကုန်ချောအဖြစ်ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ပြီး ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များတွင် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များသည် နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အခြေခံကျသောနေရာမှပါဝင်သကဲ့သို့ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက်လည်း အဓိကကျသည့်လုပ်ငန်းများဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့် အခြားမြို့များသို့ ဘိလပ်မြေတင်ပို့သည့်သင်္ဘော များပြားလျက်ရှိ



**မန္တလေး နိုဝင်ဘာ ၃**

ရွှေကြက်ယက်ဆိပ်ကမ်းမှရန်ကုန်နှင့် အခြားမြို့များသို့ နိုဝင်ဘာ ၁ ရက်မှစ၍ ဘိလပ်မြေတင်ပို့သည့်သင်္ဘော များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့် အခြားမြို့များသို့ တင်ပို့မည့် ကုန်စည်ရရှိမှု ယခင်ကထက် ပိုမိုများပြားလျက်ရှိကြောင်း၊ လတ်တလောတွင် ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ထီးချိုင့် စသည့်မြို့များသို့ ဘိလပ်မြေတင်ပို့သည့် သင်္ဘောများ များပြားလာကြောင်း သိရသည်။

“အခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်နဲ့ အခြားမြို့တွေကို အဆောက်အအုံဆောက်လုပ်ရာမှာ အရေးပါတဲ့ ဘိလပ်မြေအိတ် တင်ပို့တဲ့ သင်္ဘောတွေ ပြန်ပြီးများလာတယ်။ မင်းကွန်းနဲ့ အခြားမြို့တွေဘက်ကနေလဲ မှာတာတွေရှိတယ်” ဟု ဦးဝင်းမောင်က ပြောပြသည်။

ရွှေကြက်ယက်ဆိပ်ကမ်းမှရန်ကုန်ဆိပ်ကမ်းနှင့်အခြားမြို့များသို့ ဘိလပ်မြေတင်ပို့သည့် သင်္ဘောမှာ အောက်တိုဘာလ နောက်ဆုံးပတ်က တစ်ရက်လျှင် အစီးရေ ၂၀ ကျော်သာရှိခဲ့သော်လည်း နိုဝင်ဘာ ၁ ရက်မှစ၍ ဘိလပ်မြေတင်ပို့သည့် သင်္ဘောမှာ တစ်ရက်လျှင် အစီးရေ ၆၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ငရုတ်သီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ ၁၆၀၀၀ ပေါက်ဈေးရှိ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေး ဈေးကွက်အတွင်း ငရုတ်သီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ ၁၆၀၀၀ ပေါက်ဈေးရှိကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

အဆိုပါ ငရုတ်သီးများကို ယခုအခါ ပြင်ဦးလွင်၊ ပျော်ဘွယ်၊ ဝမ်းတွင်း၊ မိတ္ထီလာနယ်ဒေသများနှင့် ရမည်းသင်းနယ်တစ်ဝိုက်တို့မှ ထွက်ရှိနေကြောင်း၊ ထွက်ရှိလာသည့် ငရုတ်သီးများကို တောင်သူများ၊ ကုန်သည်များက အခြောက်လှန်းပြီး မန္တလေးဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် ငရုတ်သီးခြောက်ရိုးရိုးတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ရှိပြီး အသန့်တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ ပေါက်ဈေးရရှိကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

“ငရုတ်က ရာသီကုန်ရောက်ရှိနေပါပြီ။ အချို့နယ်ဒေသတွေဆိုရင် ပြန်စိုက်ပျိုးနေပါပြီ။ ဒီနှစ်က ပြည်ပနိုင်ငံတွေကို ကုန်သည်တွေ၊ တောင်သူတွေက ငရုတ်သီးအစိုတင်ပို့ရောင်းချမှု များတာကြောင့် အခြောက်လှောင်ထားသူတွေ နည်းပါတယ်။ ငရုတ်သီးခြောက်က ဒီနှစ်မှာ မရှိသလောက်နည်းတယ်လို့ ပြောလို့ရပါတယ်။ ပြည်တွင်းဈေးကွက်ထဲမှာ ရောင်းချနေတဲ့ဈေးနှုန်းကတော့ ပြီးခဲ့တဲ့လတွေက တစ်ပိဿာကို ငွေကျပ် ၁၂၀၀၀၊ ၁၃၀၀၀ ဈေးရှိတယ်လို့ သိရပါတယ်။ အခုလက်ရှိဈေးနှုန်းကတော့ တစ်ပိဿာကို ငွေကျပ် ၁၅၀၀၀၊ ၁၆၀၀၀ ပေါက်ဈေးရှိနေတယ်။ ပြည်ပနိုင်ငံတွေက ငရုတ်သီးခြောက်ကို ဝယ်ချင်လို့ ကမ်းလှမ်းတာတွေ ရှိပါတယ်။ တင်ပို့ရောင်းချနိုင်ဖို့ကိုလဲ စီစဉ်ဆောင်ရွက်ထားပါတယ်” ဟု ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေမှုကြောင့် ဈေးတန်းမြင့် တစ်ပတ်ရစ်ဘီးများကို ဝယ်ယူထားသူများ ဈေးလျှော့ရောင်းချနေရကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ အရောင်းအဝယ် အေးနေသော်လည်း ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ်ဘီးများ အရောင်းအဝယ် အနည်းငယ်ရှိနေသေးကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်း မှ သိန်း ၅၀၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်း မှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်း မှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး / 125 R / CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းအမျိုးအစားမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

ကားဈေးကွက်တွင် အရောင်းအဝယ်ပြန်ဖြစ်နေသည်ဟုဆိုသော်လည်း ကြိုက်ရောင်းကြိုက်ဝယ်ဖြင့်သာ အရောင်းအဝယ်ဖြစ်နေဆဲဖြစ်ကြောင်း မန္တလေး ကားဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးကွက်တစ်ခုလုံးအနေဖြင့် အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းများကျဆင်းသွားခြင်းမျိုးမရှိဘဲ ယခင်က ငွေကျပ် သိန်း ၃၀၀ ခန့်ပေါက်ဈေးရှိသည့် ကားအမျိုးအစားများမှာ ငွေကျပ်သိန်း ၄၀ မှ သိန်း ၇၀ ခန့်ထိ ဈေးမြင့်တက်လာကြောင်း သိရသည်။

ထိုသို့ အရောင်းအဝယ်ဖြစ်နေရာတွင် ငွေကျပ်သိန်း ၃၅၀ ခန့် ပွိုင့်သရီးကားများ အရောင်းအဝယ်ရှိနေပြီး ပွိုင့်သရီးကားအမျိုးအစားများမှ နံပါတ်ထွက်ပြီးသား ငွေကျပ်သိန်း ၃၅၀ ခန့် ဂျပန် ညာမောင်း ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဘယ်လ်တာ၊ တိုယိုတာပရိုဘောက်စ် ကားများ အဝယ်ရှိနေသေးကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူး ကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၃၀၊ Auto ငွေကျပ်သိန်း ၁၅၀ ခန့်ရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးချိုကြီးထံမှ သိရသည်

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ်ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၃၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မော်လမြိုင်မြို့နယ် မရမ်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်

**မော်လမြိုင် နိုဝင်ဘာ ၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်လှစ်ခြင်းကို ယနေ့ နံနက်ပိုင်းက ကော့ပေါက်ကျေးရွာအုပ်စု မရမ်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မော်လမြိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးက သင်တန်းဖွင့် လှစ်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိရွှေစင်မြတ်ကျော်က သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြဆရာမ ဒေါ်ကြွေဇင်အေးက သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မော်လမြိုင်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှ ဒီဇင်ဘာ ၂ ရက်ထိ သင်တန်းကာလ ရက် ၃၀ ကြာ စက်ချုပ်ဘာသာရပ် အမျိုးမျိုးကို စာတွေ့လက်တွေ့ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈ လမ်း၊ ၈၆ လမ်း-၈၇ လမ်းကြား အောင်သပြေရပ်ကွက်နေ ဒေါ်လှမြိုင် မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူစဉ်။

# ယခုနှစ် အောက်တိုဘာလတွင် ပြည်တွင်းကုမ္ပဏီ ၄၂ ခုက ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁၆၃၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့



**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ပြည်တွင်းကုမ္ပဏီ ၄၂ ခုက ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၆၃၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ နိုဝင်ဘာ ၂ ရက် ထုတ်ပြန်ချက်သတင်းများအရ သိရသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဆန်နှင့် ဆန်ကွဲများကို ပြည်ပ ဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းကုမ္ပဏီ ၄၂ ခုက တင်ပို့ရောင်းချပေးခဲ့ရာ ဆန်ကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၂၂ နိုင်ငံနှင့်ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက် ရှစ်နိုင်ငံ စုစုပေါင်းဆန်နှင့်ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၃၀ သို့ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် ဆန်တန်ချိန် ၁၃၆၂၀၅ ဒသမ ၇ တန်နှင့် ဆန်ကွဲတန်ချိန် ၂၆၉၈၃ တန် စုစုပေါင်းဆန်နှင့် ဆန်ကွဲ တန်ချိန် ၁၆၃၁၈၈ ဒသမ ၇ တန်တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆန်နှင့် ဆန်ကွဲများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးခဲ့ရာ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ဆန်နှင့်ဆန်ကွဲတန်ချိန်စုစုပေါင်း ၁၂၁၆၉၉ ဒသမ ၇ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ဆန်နှင့် ဆန်ကွဲတန်ချိန် စုစုပေါင်း ၄၁၄၈၉ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဆန်နှင့် ဆန်ကွဲများကို တင်ပို့ရောင်းချပေးခဲ့ရာတွင် ဆန်အများဆုံးဝယ်ယူခဲ့သည့် နိုင်ငံသုံးနိုင်ငံတွင် တရုတ်နိုင်ငံက ဆန်တန်ချိန် ၅၁၀၈၆ တန်ဖြင့် ပထမအများဆုံး ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆန်တန်ချိန် ၂၇၉၅၀ ဖြင့် ဒုတိယအများဆုံးဝယ်ယူကာ အီတလီနိုင်ငံက ဆန်တန်ချိန် ၁၅၄၇၀ ဖြင့် တတိယအများဆုံး ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဆန်ကွဲအများဆုံးဝယ်ယူခဲ့သည့် ဖောက်သည်ဈေးကွက်နိုင်ငံ သုံးနိုင်ငံတွင် တရုတ်နိုင်ငံက ဆန်ကွဲတန်ချိန် ၂၂၀၄၀ ဖြင့် ပထမအများဆုံးဝယ်ယူခဲ့ပြီး ဘယ်လ်ဂျီယံနိုင်ငံက ဆန်ကွဲတန်ချိန် ၁၅၀၀ ဖြင့် ဒုတိယ အများဆုံးဝယ်ယူခဲ့ကာ ပိုလန်နိုင်ငံက ဆန်ကွဲတန်ချိန် ၁၀၀၀ ဖြင့် တတိယအများဆုံး ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၃၃၆)

# ဇလွန်မြို့နယ် ဥယျာဉ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

**ဇလွန် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် လမိုင်းကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဥယျာဉ်ကျေးရွာ၌ အရှည် ၈၉၅ ပေ၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဥယျာဉ်ကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းထံမှ သိရသည်။

**မျိုးသန်းညွန့်**

# ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**ကျိုက်မရော နိုဝင်ဘာ ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဘိန်းပျောကျေးရွာအုပ်စု နတ်စမ်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဩဂုတ်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နတ်စမ်းကျေးရွာ၌ အရှည်ပေ ၆၈၀၀၊ အကျယ်သုံးပေ၊ အနက် နှစ်ပေရှိ ရေနုတ်မြောင်းတူးဖော်ခြင်း၊ အရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ လမ်းသဲခင်းခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ဩဂုတ်လ စတုတ္ထပတ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက ပြောပြသည်။

အဆိုပါ နတ်စမ်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်၍ နှစ်နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်း ပထမနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းတူးဖော်ခြင်း၊ လမ်းပြုပြင်ခြင်း၊ သဲခင်းခြင်းလုပ်ငန်း၊ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် အိမ်တိုင်ရာရောက် ရေသွယ်တန်းခြင်းလုပ်ငန်းများအပြင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဦး**



# သာမညဖလသုတ်ရဲ့ကျေးဇူး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ရဟန်းဖြစ်ရခြင်း၏ ကျေးဇူးတရားအဖြစ် မြတ်ဗုဒ္ဓက အဖေကိုသတ်ခဲ့သော အဇာတသတ်မင်းကို သာမညဖလသုတ်တရားတော်ဟောကြားခဲ့သည်။

အဇာတသတ်ဟူသောနာမည်ကို မြင်တွေ့ကြားသိရသူတိုင်းက အဖကိုသတ်သည့်သား၊ ဒေဝဒတ်ကိုဆရာတင်ပြီး ကျေးဇူးရှင်ကို ရက်စက်သည့်သား၊ ယုတ်မာရက်စက်လွန်းသည့်သား၊ အပါယ်ငရဲသို့ လားသည့်လူဆိုး၊ လူသွမ်း စရိုက်ကြမ်းသည့်သားအဖြစ်သာ ရှုမြင်သုံးသပ်ခဲ့ကြသည်။ သမိုင်းဝင်၊ ဘာသာဝင်လူဆိုးကြီး(ဗီလိန်)အဖြစ်သာ သားစဉ်မြေးဆက်သတ်မှတ်ထားခဲ့ကြသည်။

စာအုပ်စာပေ လူမိတ်ဆွေဟူသောစကားနှင့်အညီ မြန်မာနိုင်ငံ စာကြည့်တိုက်များအသင်းက ထုတ်ဝေခဲ့သော **စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး** စာအုပ်ထဲမှ ဆရာထက်ခေါင်၏ **သစ္စာကိုရှာဖွေသူ** ဆောင်းပါးကို ဖတ်ရှုပြီး ရာဇဝင်၊ ဘာသာဝင်လူဆိုးကြီး အဇာတသတ်၏ ထူးမြတ်သည့်သတ္တိကို အသိအမှတ်ပြုချင်စိတ်ပေါ်ပေါက်ခဲ့ရသည်။

ဤသည်ကို ဆရာထက်ခေါင်၏ ပြောင်မြောက်သောအတွေးအခေါ်၊ အရေးအသားများက ပီပြင်ပေါ်လွင်စွာဖော်ပြထားရာ စာချစ်သူများကို မျှဝေပေးလိုသောဆန္ဒ များစွာပြင်းပြလာခဲ့သည်။ အနှစ်ချုပ်ကို တင်ပြလိုပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း နားလည်သိရှိထားကြသော အဇာတသတ်မင်းသည် ဖခင်ကိုသတ်ပြီး မင်းလုပ်အုပ်ချုပ်နေရသော်လည်း အကုသိုလ်ကံ၏ရိုက်ခတ်မှုဒဏ်ကြောင့် စားမဝင်၊ အိပ်မပျော်ဘဲ တုန်လှုပ်ချောက်ချားနေခဲ့သည်။ တစ်နေ့သော တန်ဆောင်မုန်းလပြည့်နေ့ညတွင် စိတ်ငြိုငြင်မှုများစွာရှိနေခဲ့ရာမှ စိတ်အေးချမ်းမှုကို ပေးနိုင်စွမ်းရှိသောပညာရှင်ကိုတွေ့ဆုံလိုစိတ်ပေါ်ပေါက်လာခဲ့ရာ မင်းကြီးအနီးတွင် ခစားနေကြသော ပညာရှိအမတ်များကို မေးမြန်းစုံစမ်းခဲ့သည်။

ပညာရှိအမတ်များကလည်း သူတို့ကိုးကွယ်ဆည်းကပ်နေကြသော ဂိုဏ်းဆရာအသီးသီးတို့၏ အမည်များကို ပြောပြကာ သွားရောက်ဆည်းကပ်သင့်ကြောင်း လျှောက်ထားခဲ့ကြသည်။ သို့သော် ဘုရင်မင်းကြီးက စိတ်ကြိုက်မတွေ့ ဘဝင်မကျသောကြောင့် နောက်ဆုံးအမတ်ဖြစ်သော ဇီဝက၏လျှောက်ထားချက်အရ သမားတော်ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေသော မြတ်စွာဘုရားထံ ခစားရောက်ရှိသွားခဲ့သည်။

မြတ်ဗုဒ္ဓသည် တစ်ထောင့်နှစ်ရာငါးကျိပ်သော ရဟန်းသံဃာတော်များနှင့်အတူ ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေစဉ် အဇာတသတ်ဘုရင်က ဆင်မငါးရာတို့၌ မောင်းမတို့ကို တစ်ဦးချင်းစီ စီးစေပြီး ကြွချီသွားခဲ့ကြရာ သံသယဝင်စရာနှင့် ကြုံတွေ့ခဲ့ရသည်။ တန်ဆောင်မုန်းလပြည့်ညတွင် များပြားသော သံဃာတော်ထုနှင့်အတူ စံမြန်းနေသော မြတ်ဗုဒ္ဓစံမြန်းနေရာ သရက်ဥယျာဉ်အနီးသို့ ရောက်ရှိသွားသော်လည်း စကားပြောသံ၊ ချေဆတ်သံ၊ ချောင်းဟန့်သံမျှပင် မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လွန်းနေသောကြောင့် အဇာတသတ်မင်း ကြက်သီးမွေးညင်းထကာ တုန်လှုပ်ချောက်ချားသွားခဲ့သည်။ ဇီဝကအမတ်၏ လှည့်ဖြားမှုကို ခံရပြီဟုပင် အထင်မှားခဲ့သည်။ ဥယျာဉ်ထဲရောက်သွားမှသာ မြတ်စွာဘုရားရှင်နှင့် ရဟန်းပရိသတ်များငြိမ်သက်တိတ်ဆိတ်စွာ တရားရှုမှတ်နေကြသည်ကို မြင်တွေ့သိရှိခဲ့ကြသည်။ အေးငြိမ်းမှုအရသာကို စတင်ခံစားခဲ့ရသည်။ အခြေအနေက နှစ်သက်မှုကို ဖြစ်စေခဲ့သည်။

အဇာတသတ်မင်းသည် ဘုရားရှင်၏ရှေ့မှောက်သို့ရောက်သောအခါ ပုဆစ်တုပ်လက်အုပ်ချီ၍ "အရှင်မြတ်စွာဘုရား၊ အတတ်ပညာရှင်များစွာတို့သည် မိမိတို့ တတ်ကျွမ်းမှုအမျိုးအစားအလိုက် အသက်မွေးမြူနေကြကြောင်း၊ မိမိတစ်ဦးတည်းအတွက်သာမက မိဘ၊ သားမယား၊ အဆွေခင်ပွန်းတို့ကိုပါ အလုပ်အကျွေးပြုနေကြကြောင်း၊ စည်ပင်ချမ်းသာပြီး အလှူဒါနများကို ပြုနိုင်ကြကြောင်း၊ ထိုသို့သောအတတ်ပညာနှင့်တူစွာ ရဟန်းဖြစ်ရခြင်း၏အကျိုးကို မျက်ဝါးထင်ထင်ပြနိုင်ပါသလားအရှင်ဘုရား"ဟု လျှောက်တင်ခဲ့သည်။

❖ သက်ဦးဆံပိုင်ဘုရင်ဖြစ်သော အဇာတသတ်မင်းသည် သူ မနှစ်သက်သော ဂိုဏ်းဆရာသာမဏ၊ ပြဟ္မဏများကို ပြစ်တင်မောင်းမဲနှိပ်စက်ခြင်း မပြုဘဲ လျစ်လျူရှုထားခြင်း၊ သည်းခံခွင့်လွှတ်ထားခြင်း၊ ငါနှင့်မတူ ငါ့ရန်သူဟု သဘောမထားခြင်းများသည် ရာဇနီတိနှင့် ပြည့်စုံနေကြောင်း သုံးသပ်နိုင်သည်။ မြတ်ဗုဒ္ဓက သာမညဖလသုတ်တော်ကို ဟောကြားတော်မူခဲ့ရာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လာပြီး သူ့ကိုခြောက်လှန့်နေသော ဖခင်ကိုသတ်မှုအပြစ်ကြီးကို အပြစ်ဟု ခံယူပေးရန် လျှောက်ထားချက်ကလည်း အဇာတသတ်မင်းကို အဆိုးထဲက အကောင်းဟု ချီးကျူးကြရပေမည်။ ❖

ထိုအခါ မြတ်ဗုဒ္ဓက "မင်းကြီး၊ ဤမေးခွန်းကို အခြားသူတို့ကို မေးဖူးသေးသလား။ မေးခဲ့ပါက သင့်ကို မည်ကဲ့သို့ ဖြေကြားခဲ့ကြပါသနည်း"ဟု ပြန်လည်မေးမြန်းခဲ့သည်။

အဇာတသတ်မင်းက ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တဟူသော ဂိုဏ်းဆရာကြီးခြောက်ဦးထံတွင် မေးခဲ့ဖူးကြောင်း၊ တောင်ပိန္နဲပင်ကို မေးသော်လည်း သရက်ပင်ကို ဖြေဘိသကဲ့သို့ အမေးနှင့်အဖြေ တခြားစီဖြစ်နေကြကြောင်း၊ သိချင်သော အဖြေကိုမရ၍ သူတို့ကို လုံးဝမနှစ်သက်သော်လည်း ပစ်ပယ်ခြင်းမရှိခဲ့ပါကြောင်း၊ နှလုံးမသာသောစကားကို ဆိုခဲ့ကြသောကြောင့် ပြစ်တင်မောင်းမဲခြင်းမပြုခဲ့ပါကြောင်း၊ အကျွန်ုပ်၏ နိုင်ငံတော်အတွင်းမှ ဤသို့သော သာမဏ၊ ဗြဟ္မဏများကို နှင်ထုတ်ခြင်းမပြုသင့်ဟု စိတ်အကြံဖြစ်ခဲ့ပါကြောင်း၊ သူတို့ပြောသောစကားများကို နှစ်သက်ခြင်းလည်းမရှိ၊ ပယ်လည်းမပယ်၊ နှလုံးမသာသော်လည်း နှလုံးမသာသောစကားကို ပြန်လည်ပြောဆိုခြင်းမရှိဘဲ နေရာမှထကာပြန်လာခဲ့ပါကြောင်း ဘုရားရှင်အား လျှောက်တင်ခဲ့သည်။

သည်တော့မှ မြတ်ဗုဒ္ဓက "မင်းကြီး၊ သင့်ရဲ့အခိုင်းအစေ၊ အမှုလုပ်ကျွန်ဟာ ကောင်းမှုကို ပြုလုပ်ရရင် ကောင်းမှာပဲဟု ကြံစည်ပြီး မုတ်ဆိတ်ကိုပယ်၊ ဖန်ရည်ဆိုးအဝတ်ကိုဝတ် ကိုယ်နှုတ်စောင့်စည်းလျက် အစားအဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်နေသည်ဆိုပါစို့။ သင် သင်ရဲ့ အခိုင်းအစေကို ငါ့ထံ ပြန်လာပြီး လုပ်မြဲအလုပ်ကို လုပ်ကိုင်စေလော့ဟု ဆိုသင့်ပါသလား။ သင်နှစ်သက်သလို ဖြေကြားပါလော့"ဟု မေးတော်မူရာ အဇာတသတ်မင်းက "ဤသို့မဆိုသင့်ပါဘုရား။ စင်စစ်အားဖြင့် အကျွန်ုပ်ကပင် ထိုသူကို ရှိခိုးသင့်ပါ၏။ ခရီးဦးကြိုပြု၍ ထိုင်ရာနေရာကိုလည်း ပေးသင့်ပါ၏။ ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ကျောင်းတို့ကိုလည်း အလှူခံရန် ဖိတ်ခေါ်သင့်ပါ၏။ ထိုသူကို တရားနှင့်အညီ ကာကွယ်စောင့်ရှောက်လျက် လုံခြုံမှုရှိစေရန်လည်း စီမံပေးသင့်ပါ၏အရှင်ဘုရား"ဟု ပြန်လည်လျှောက်ထားခဲ့သည်။

မြတ်ဗုဒ္ဓက အဇာတသတ်၏လျှောက်ထားချက်ကို အကြောင်းပြုကာ ရဟန်းဖြစ်ရခြင်း၏ အကျိုးကို မျက်ဝါးထင်ထင်ပြသလိုက်လေရာ ဘုရားရှင်ကို အဇာတသတ်မင်း ကြည်ညိုသွားလေသည်။ မြတ်ဗုဒ္ဓကလည်း ရဟန်းဖြစ်ရခြင်း၏ အကျိုးအဆင့်ဆင့်ပါသော သာမညဖလသုတ်တော်ကို သာဓကဥပမာများဆောင်ပြီး အဇာတသတ်မင်း နားလည်လက်ခံလာအောင် ဟောကြားတော်မူခဲ့ရာ အဇာတသတ်မင်းသည် ဘုရားရှင်ကို ပိုမို၍ ကြည်ညိုသွားကာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် သတ်မှတ်ပေးပါရန် ဘုရားရှင်အား လျှောက်ထားခဲ့သည်။

ထို့ပြင် မိုက်မဲတွေဝေမှုကြောင့် အဖကိုသတ်မိခဲ့သောသား၊ အပြစ်ရှိခဲ့သောသား။ အကျွန်ုပ်၏အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှာ အပြစ်ဟု လက်ခံပေးတော်မူပါရန် ဘုရားရှင်အား ဆက်လက်လျှောက်ထားခဲ့ရာ ဘုရားရှင်က "မင်းကြီး အကြင်သူသည် အပြစ်ကို အပြစ်ဟုမြင်၍ အကြောင်းအားလျော်စွာကုစား၏။ နောင်အခါစောင့်စည်း၏။ ထိုသူ၏ ဤသို့ ကုစားစောင့်စည်းခြင်းသည် အရိယာဝိနည်းအဆုံးအမ၌ ကြီးပွားခြင်းပင်တည်း"ဟု မိန့်ကြားကာ အဇာတသတ်မင်း၏အပြစ်ကိုလက်ခံတော်မူခဲ့သည်။

သာမညဖလသုတ်တော်ကို အကြောင်းပြုပြီး လူဆိုး၊ လူယုတ်မာကြီး၊ ဖခင်ကိုသတ်ခဲ့သူကြီးအဖြစ် သိမြင်နေခဲ့ကြသော အဇာတသတ်မင်း၏ ထူးခြားချက်များကို ဖတ်ရှုသိမြင်လာသောအခါ သူ့ကိုပင် အဆိုးထဲက အကောင်းလေးပါလားဟု ဂုဏ်တင်စရာများက ပေါ်လာသည်။

သက်ဦးဆံပိုင်ဘုရင်ဖြစ်သော အဇာတသတ်မင်းသည် သူ မနှစ်သက်သော ဂိုဏ်းဆရာသာမဏ၊ဗြဟ္မဏများကို ပြစ်တင်မောင်းမဲနှိပ်စက်ခြင်းမပြုဘဲ လျစ်လျူရှုထားခြင်း၊ သည်းခံခွင့်လွှတ်ထားခြင်း၊ ငါနှင့်မတူ ငါ့ရန်သူဟု သဘောမထားခြင်းများသည် ရာဇနီတိနှင့် ပြည့်စုံနေကြောင်း သုံးသပ်နိုင်သည်။

မြတ်ဗုဒ္ဓက သာမညဖလသုတ်တော်ကို ဟောကြားတော်မူခဲ့ရာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လာပြီး သူ့ကိုခြောက်လှန့်နေသော ဖခင်ကိုသတ်မှုအပြစ်ကြီးကို အပြစ်ဟုခံယူပေးရန် လျှောက်ထားချက်ကလည်း အဇာတသတ်မင်းကို အဆိုးထဲက အကောင်းဟု ချီးကျူးကြရပေမည်။

ကျွန်တော်က စာရေးဆရာထက်ခေါင်၏ စွမ်းဆောင်ရည်ကို အားရကျေနပ်မှုနှင့်အတူ အဇာတသတ်မင်း၏ သံဝေဂတရားကိုလည်း ပွားများမျှဝေချင်သည်။

လူ့လောကတွင် မမှားသောရှေ့နေ မသေသောဆေးသမားမရှိဘူးဟူသော ဆိုစကားနှင့်အညီ အမှားနှင့်မကင်းကြပေ။ မှားနေမှန်းသိပါလျက် ဆက်လက်မှားနေကြသူများ ရှိနေကြသည်။ အမှားများကို ဖုံးကွယ်ထားကြလေ့ရှိသည်။ အပြစ်ရှိနေကြသူများကလည်း အပြစ်ရှိကြောင်း ဝန်မခံကြဘဲ ကြောင်သူတော်၊ ကြွက်သူခိုးလုပ်နေကြသည်။

အဇာတသတ်မင်းကဲ့သို့ ကိုယ့်အပြစ်ကို အပြစ်ရှိကြောင်း ဝန်ခံကြလျှင် အစစအရာရာ ချောမွေ့ပြေပြစ်နိုင်သည်။ မစည်ကားအပ်သော အရပ်သုံးပါးထဲတွင် ပါဝင်သည့် **တရားရုံး**များတွင် အမှုအခင်းပြဿနာများ လျော့နည်းကင်းစင်သွားကာ စည်ကားမှု ဆိတ်သုဉ်းသွားနိုင်သည်။ တရားသူကြီးများ၊ ဥပဒေပညာရှင်များ၊ ရှေ့နေများ အလုပ်ရှုပ်စိတ်ရှုပ်သည့်ဘေးမှ ကင်းဝေးသွားကြပေလိမ့်မည်။

ယခုတော့ အဇာတသတ်မင်းကဲ့သို့ အပြစ်ရှိကြောင်း ဝန်မခံကြသောကြောင့် လူသတ်မှုပေါင်းများစွာ၊ လုယက်မှုပေါင်းများစွာ၊ ကြီးနိုင်ငယ်ညှဉ်းမှုပေါင်းများစွာ၊ ပြဿနာပေါင်းများစွာတို့၏ တရားခံများကို ဖော်ထုတ်နိုင်ကြခြင်းမရှိဘဲ ရာဇဝတ်ဘေးပြေးလွတ်နေကြသည်။ မင်းသားခေါင်းစွပ်ကာ ရောယောင်ပြီး ဟန်ရေးပြနေကြသည်။ အသက်ရှုချောင်ပြီး ကြီးပွားချမ်းသာနေကြသူများရှိသကဲ့သို့ စိတ်ထောင်းကိုယ်ကြေခံစားနေကြသူများလည်း ရှိနေသည်။

အဖကို သတ်ခဲ့မိသောကြောင့် ငရဲတွင် ကျခံနေရသော အဇာတသတ်မင်းပင်လျှင် သံဝေဂရကာ အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်ကို သင်ခန်းစာယူသင့်ကြသည်။ အရိယာသူတော်စင်များ မဟုတ်ကြသောကြောင့် မိမိတို့အပြစ်ကို ဝန်မခံချင်လျှင်လည်း ရှိကြပါစေတော့။ တမလွန်ဘဝကျမှ စုပြုံပြီး ခံကြပါတော့။

သို့သော် အပြစ်ရှိသူများ၊ မှားခဲ့သူများအနေဖြင့် ပိုးဖလံမျိုး မီးကိုတိုးဆိုသလို ဆက်ပြီး မမှားကြရန်လိုပါသည်။ ဆက်ပြီး ပြစ်မှုမကျူးလွန်ကြရန်လိုပါသည်။

ဤသည်ကို **၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်နေ့ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာ၊ စာမျက်နှာ ၁၉ တွင် ဖော်ပြခဲ့သော ကာတွန်းဆရာ "MNA"၏** ကာတွန်းလေးဖြင့် လက်တို့သတိပေးလိုက်ချင်ပါသည်။

**"မှားတတ်တာက ...**

**လူ ...**

**မှားမှန်းမသိတာက ...**

**လူညံ့ ...**

**သိလျက်နှင့် ဆက်မိုက်နေတာက ...**

**လူမိုက် ...**

**မှားဖို့ပဲ ကြိုးစားနေတာက ...**

**လူယုတ်မာ ...**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## ဓနဖြိုးလျှံ ရွှေနိုင်ငံ

- တောလျှိုမြောင် သစ်တံတိုင်းရယ်နှင့်
မြစ်ဝိုင်းတဲ့ အရပ်ဌာနေ၊
ဓနဂုဏ် ပြည့်လျှံမောက်
မြကျောက်တို့ရွှေ၊
ကောက်နှံစိုက် လယ်ယာမြေ
ထည်ဝါပေ အံ့မခန်း၊
အဖိုးတန် သည်မြေကြီးက
ရွှေသီးပွင့်လန်း။

- ရှုမြင်ရာ ပြည်အဝန်းမှာလ
သိမ်းသန်းပြ ညီနောင်တော်၊
နားခိုမြေ အခြေချလို့
နေကြရွှင်ပျော်၊
ရွှေသီးရ မြေကြီးပေါ်
နေပြီးနော် မော်မဆုံး၊
သာစွမြေ မေတ္တာစာတ်နှင့်
ရစ်ပတ်နှောင်ထုံး။

- သာစွမြေ အလှဖုံးပါလို့
ယူသုံးစွဲ ဓနလျှံ၊
မျိုးရင်းဆွေ ထူးဂုဏ်ဒြပ်နှင့်
ရပ်တည်နိုင်ငံ၊
သာတူမျှ ရွှင်ပျော်စံ
အမွေခံ ရင်ပီတိ၊
အေးရိပ်မြုံ ခိုဝင်နားလို့
စွမ်းအားလျှံပြည့်။ ။

ငြိမ်းချမ်းအောင်(နတ်တလင်း)

# ချောင်းဦးမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲမျိုးစုံဧက ၄၀၆၁၀ စိုက်ပျိုးမည်

**ချောင်းဦး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲမျိုးစုံဧက ၄၀၆၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံစိုက်ပျိုးမည့်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ချောင်းဦးမြို့နယ်အတွင်း ပဲမျိုးစုံဧက ၄၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိုပ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာတွင် ကုလားပဲသီးနှံကို အများဆုံးစိုက်ပျိုးကြမည်ဖြစ်ပြီး လက်ရှိတွင် တောင်သူများအနေဖြင့် ပဲမျိုးစုံသီးနှံစိုက်ပျိုးရန် ထယ်ရေးထွန်ရေးပြင်ဆင်နေကြကြောင်းနှင့် ပဲမျိုးစုံစိုက်ပျိုးချိန်တွင် မြေဆီမြေဩဇာများ စနစ်တကျ ထည့်သွင်းသုံးစွဲစေရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံ ဧက ၁၂ သိန်းကျော် စိုက်ပျိုးရန် လျာထားပြီး စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧကအများဆုံး စိုက်ပျိုးထုတ်လုပ်သည့်တိုင်းဒေသကြီးဖြစ်ကြောင်း၊ ထို့ပြင် ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သောကြောင့် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)



# ဆိပ်ဖြူမြို့နယ် ချောင်းမကြီး(အနောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဆိပ်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ချောင်းမကြီး(အနောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ချောင်းမကြီး(အနောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါချောင်းမကြီး(အနောက်)ကျေးရွာတွင် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၀ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁၃ သန်း စုစုပေါင်းငွေကျပ် ၁၂ ဒသမ ၁၃ သန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နှဲ့ယဉ်

# စလင်းမြို့နယ် တောင်ပိုရွာသစ်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စလင်း နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် တောင်ပိုရွာသစ်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ တောင်ပိုရွာသစ်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က ဆောင်ရွက်ပြီး လုပ်ငန်းများကို စနစ်တကျထိန်းသိမ်းရန် မှာကြားခဲ့သည်။

စလင်းမြို့နယ် တောင်ပိုရွာသစ်ကျေးရွာ၌ လမ်းအရှည်ပေ ၄၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆၉၃ သန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး

## နိုင်ငံတကာ သတင်းများ

# ကင်ညာသမ္မတ ဝီလျံရူတို ကွန်ဂိုအရှေ့ပိုင်းသို့ တပ်ဖွဲ့ဝင်များစေလွှတ်



**နိုင်ရိုဘီ နိုဝင်ဘာ ၃**

သမ္မတ ဝီလျံရူတိုသည် နိုဝင်ဘာ ၂ ရက်တွင် ကင်ညာဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းသို့တပ်ဖွဲ့ဝင်များကို တရားဝင်စေလွှတ်ဖြန့်ကြက်လိုက်ပြီဖြစ်ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကင်ညာနိုင်ငံလည်းအဖွဲ့ဝင်အဖြစ်ပါဝင်သော အရှေ့အာဖရိကဘုံအဖွဲ့ (အီးအေစီ)အဖွဲ့ဝင်နိုင်ငံခုနစ်နိုင်ငံတို့သည် ကွန်ဂိုအရှေ့ပိုင်းရှိ လက်နက်ကိုင်အုပ်စုများကိုရင်ဆိုင်ရေးအတွက် ပူးတွဲတပ်ဖွဲ့ ဖွဲ့စည်းရန် ယခုနှစ်ဧပြီလအတွင်း သဘောတူထားသည်။

သမ္မတဝီလျံရူတို၏ ညွှန်ကြားချက်အရ ကွန်ဂိုအရှေ့ပိုင်း၌ဖြန့်ကြက်ထားသည့် ကင်ညာတပ်များသည် အရှေ့အာဖရိကဘုံအဖွဲ့တပ်ဖွဲ့များနှင့်ပူးတွဲ၍ လုံခြုံရေးတာဝန်များ ရယူရမည်ဖြစ်သည်။

အီးအေစီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘူရွန်ဒီနိုင်ငံကလည်း ကွန်ဂိုအရှေ့ပိုင်း၌ တပ်ဖွဲ့ဝင်များဖြန့်ကြက်ထားပြီးဖြစ်သည်။

ကုလသမဂ္ဂသည် ကွန်ဂိုငြိမ်းချမ်းမှုထိန်းသိမ်းရေး မစ်ရှင်အတွက် အမေရိကန်ဒေါ်လာသန်းရာပေါင်းများစွာ သုံးစွဲထားသော်လည်း လက်ရှိအချိန်တွင် ကွန်ဂိုအရှေ့ပိုင်း၌ လက်နက်ကိုင်အုပ်စု ၁၂၀ ကျော်တို့ လှုပ်ရှားနေကြဆဲဖြစ်သည်။

ကွန်ဂိုအရှေ့ပိုင်းသို့ ကင်ညာတပ်များစေလွှတ်မှုကို ကုလသမဂ္ဂနှင့်အာဖရိကသမဂ္ဂတို့က ထောက်ခံထားသည်ဟု ကင်ညာသမ္မတဝီလျံရူတိုက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# ဂူဂျာရတ်ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲကို လာမည့်လတွင်ကျင်းပမည်ဟု အိန္ဒိယထုတ်ပြန်

**ဒေလီ နိုဝင်ဘာ ၃**

အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ဇာတိဖြစ်သော ဂူဂျာရတ်ပြည်နယ်၏ လွှတ်တော် ရွေးကောက်ပွဲများကို လာမည့်လအတွင်း ကျင်းပမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂူဂျာရတ်ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများကို ဒီဇင်ဘာ ၁ ရက်မှ ၅ရက်ထိ အဆင့်နှစ်ဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း အိန္ဒိယ ရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂူဂျာရတ်ပြည်နယ်ရွေးကောက်ပွဲရလဒ်သည် ၂၀၂၄ ခုနှစ် အမျိုးသားရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်မိုဒီ၏ ဘရာတီယာဂျနေတာပါတီ ရယူနိုင်မည့် အလားအလာများကို ပြသပေးနိုင်ဖွယ်ရှိသည်။

ငွေကြေးဖောင်းပွမှု ပြဿနာ၊ အလုပ်လက်မဲ့နှုန်း မြင့်တက်လာမှုပြဿနာတို့ကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည့်တိုင် ၎င်းရရှိထားသည့် ပြည်သူထောက်ခံမှုနှုန်းမှာ အားကောင်း ခိုင်မာနေဆဲဖြစ်ရာ ဂူဂျာရတ်ပြည်နယ် ရွေးကောက်ပွဲ၌ ဘရာတီယာဂျနေတာပါတီအနေဖြင့် အနိုင်ရနိုင်သည့် အလားအလာကောင်းနေဆဲဖြစ်သည်။

ဂူဂျာရတ်ပြည်နယ်ရွေးကောက်ပွဲမဲရေတွက်မှုကို ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်ရန် အိန္ဒိယရွေးကောက်ပွဲကော်မရှင်က စီစဉ်ထားကြောင်း သိရသည်။

ဘရာတီယာဂျနေတာပါတီသည် ဂူဂျာရတ်ပြည်နယ် လွှတ်တော်ကို ၁၉၉၈ ခုနှစ်မှစ၍ လွှမ်းမိုးထားနိုင်ခဲ့ပြီး မိုဒီကိုယ်တိုင် ယင်းပြည်နယ်၏ဝန်ကြီးချုပ်အဖြစ် ၁၃ နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။

KKO



# ဂျာမနီနှင့် တရုတ်နိုင်ငံတို့ကြားစီးပွားရေးပူးပေါင်းမှု အမေရိကန်စွက်ဖက်ခွင့်မရှိဟု တရုတ်အစိုးရပြောကြား

**ပေကျင်း နိုဝင်ဘာ ၃**

ဂျာမနီနှင့် တရုတ်နိုင်ငံတို့ကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ၌ ကြားဝင်စွက်ဖက်ရေးအတွက် အမေရိကန်နိုင်ငံတွင် အခွင့်အရေးမရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားလိုက်သည်။

ဟမ်းဘတ်ဆိပ်ကမ်းလုပ်ငန်းလည်ပတ်ရေးသဘောတူညီချက်၌ တရုတ်နိုင်ငံအနေဖြင့် ဆိပ်ကမ်းကို ထိန်းချုပ်ထားနိုင်မည့် အစုရှယ်ယာဝေစုများမရသင့်ကြောင်းအမေရိကန်အစိုးရက ပြောကြားခဲ့ပြီးနောက် တရုတ်အစိုးရ၏အဆိုပါတုံ့ပြန်ချက်ပေါ်ထွက်လာသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နှင့်ဂျာမနီကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အမေရိကန်အစိုးရက ကြားဝင်စွက်ဖက်မှုသည် အမေရိကန်နိုင်ငံ အသုံးချမှုဖြစ်သည့် ဖိအားပေးခြိမ်းခြောက်မှု နိုင်ငံတကာဆက်ဆံရေးလမ်းစဉ်၏ သင်္ကေတပင်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နှင့် ဂျာမနီတို့ကြား လက်တွေ့ကျသည့်ပူးပေါင်းဆောင်ရွက်မှုများသည် အချုပ်အခြာပိုင်နိုင်ငံ နှစ်နိုင်ငံကြားကိစ္စဖြစ်ရာ အမေရိကန်နိုင်ငံအနေဖြင့်ကြားဝင်စွက်ဖက်ခွင့်မရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဝေဖန်ခဲ့သည်။

တရုတ်လေကြောင်းကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ကော့စကိုကုမ္ပဏီသည်ပြီးခဲ့သည့်နှစ်အတွင်းဟမ်းဘတ်ဆိပ်ကမ်းကုန်တင်ကုန်ချ ဆိပ်ခံသုံးခုအနက် တစ်ခု၏ အစုရှယ်ယာ ၃၅ ရာခိုင်နှုန်းကို ရယူနိုင်ခဲ့သည်။

သို့သော် အဆိုပါဆိပ်ကမ်းသဘောတူညီချက်ကို ရှေ့ဆက်ရန်သင့်၊ မသင့်နှင့်ပတ်သက်၍ ဂျာမနီအစိုးရအဖွဲ့အတွင်း သဘောထားကွဲပြားနေကြဆဲ ဖြစ်ကြောင်း သိရသည်။

KKO

# အီကွေဒေါအကျဉ်းထောင်ရန်ပွဲကြောင့် နှစ်ဦးသေဆုံး၍ ခြောက်ဦး ဒဏ်ရာရရှိ

**ကွီတို နိုဝင်ဘာ ၃**

အီကွေဒေါနိုင်ငံ၏ ပီနီတန်စီရာရီရာအကျဉ်းထောင်၌ ယနေ့တွင် ရန်ပွဲဖြစ်ပွားခဲ့ရာ အကျဉ်းသားနှစ်ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာများရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အကျဉ်းသားများကို ထောင်ပြောင်းရွှေ့မှုနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်နေသူများက အီကွေဒေါရဲတပ်ဖွဲ့ကို နိုဝင်ဘာ ၁ ရက်တွင် ၁၈ ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ပြီးနောက် ဂွါယာကွီးလ်မြို့ ပီနီတန်စီရာရီရာအကျဉ်းထောင်၌ ထောင်တွင်းရန်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပီနီတန်စီရာရီရာအကျဉ်းထောင်သည် အီကွေဒေါနိုင်ငံ၌ထောင်တွင်းအကြမ်းဖက်မှု အများဆုံးဖြစ်ပွားသည့် အကျဉ်းထောင်ဖြစ်ကြောင်း သိရသည်။

အဆိုပါအကျဉ်းထောင်မှအကျဉ်းသား ဦးရေ ၁၀၀၀ ခန့်ကို အခြားအကျဉ်းထောင်စခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုကိုတုံ့ပြန်သည့်အနေဖြင့် အီကွေဒေါသမ္မတ ဂွါလာမိုလက်ဆိုသည် ဂွါယားစ်ပြည်နယ်နှင့် အက်စမာရယ်ဒါးစ်ပြည်နယ်တို့၌ ၄၅ ရက်သက်တမ်းရှိ အရေးပေါ်အခြေအနေကြေညာခဲ့သည်။

၂၀၂၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ အီကွေဒေါအကျဉ်းထောင်များ၌ အကြမ်းဖက်ဖြစ်ပွားမှု မြင့်တက်ခဲ့ရာ ယနေ့ထိ အနည်းဆုံးလူဦးရေ ၄၀၀ ထိ သေဆုံးခဲ့သည်။ KKO

# အီသီယိုးပီးယားနှင့် တီဂရေးလက်နက်ကိုင်များ ရန်လိုမှုကိုရပ်ဆိုင်းရန် သဘောတူညီချက်ရယူ

**ပရီတိုးရီးယား နိုဝင်ဘာ ၃**

အီသီယိုးပီးယားအစိုးရနှင့်တီဂရေးဒေသ လက်နက်ကိုင်တပ်များသည် ရန်လိုမှုများရပ်ဆိုင်းကြရန် နိုဝင်ဘာ ၂ ရက်တွင် သဘောတူညီခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါသဘောတူညီချက်သည် နှစ်နှစ်ကြာအီသီယိုးပီးယား စစ်ရေးပဋိပက္ခများ အဆုံးသတ်ရေးအတွက် မမျှော်လင့်ဘဲ ရရှိခဲ့သော သံတမန်ရေး အောင်မြင်မှုတစ်ရပ်ဖြစ်ခဲ့သည်။

အာဖရိကသမဂ္ဂ (အေယူ)၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ခဲ့ပြီး ရက်သတ္တပတ်ကျော်ကြာတွင် အီသီယိုးပီးယားအစိုးရနှင့် တီဂရေးလက်နက်ကိုင်များကြား ရန်လိုမှုများ ရပ်ဆိုင်းရေးသဘောတူညီချက်ကို ရယူခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါရန်လိုမှုများ ရပ်ဆိုင်းရေးသဘောတူညီချက်၌ တရားဥပဒေစိုးမိုးမှုပြန်လည်ထိန်းသိမ်းရေး၊ ပြည်သူ့ဝန်ဆောင်မှုများပြန်လည်စတင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအနှောင့်အယှက်မရှိပေးနိုင်ရေးတို့လည်းပါဝင်ကြောင်း အာဖရိကသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့သည်။


အီသီယိုးပီးယားနှင့် တီဂရေးလက်နက်ကိုင်များကြား အဆိုပါသဘောတူညီချက်ကို မမျှော်လင့်ဘဲရယူရေးအတွက် နိုင်ဂျီးရီးယားသမ္မတဟောင်း အိုဘာဆန်ဂျို ဦးဆောင်သည့် အာဖရိကသမဂ္ဂညှိနှိုင်းရေးအဖွဲ့က ကြိုးစားပေးခဲ့ခြင်းဖြစ်သည်။

အီသီယိုးပီးယားနှင့် တီဂရေးအုပ်စုများကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့၌ ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အက်စ်ပရက်ဆို ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခု အသုံးပြု၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဗီယင်နာ နိုဝင်ဘာ ၃**

ဆွစ်ဇာလန်နှင့် ဩစတြီးယား နိုင်ငံတို့မှ သိပ္ပံပညာရှင်များသည် အက်စ်ပရက်ဆိုအမည်ရှိ ရေဒီယိုတယ်လီစကုပ်စနစ်တစ်ခုကို အသုံးပြု၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်သည် L363-38 အမည်ရှိကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေပြီး အရွယ်အစားမှာ ကမ္ဘာဂြိုဟ်ထက် အနည်းဆုံးလေးဆ ပိုကြီးမားကြောင်း သိရသည်။

L363-38b ဟူ၍ အမည်ပေးထားသော ၎င်းဂြိုဟ်သစ်သည် မိခင်ကြယ်ကို ၈ ဒသမ ၇၈ ရက်လျှင် တစ်ပတ်ကျလှည့်ပတ်လျက် မိခင်ကြယ်နှင့်မနီးလွန်း မဝေးလွန်းသော ဇုန်အတွင်း ပတ်လမ်းနေရာယူထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

L363-38 ကြယ်စနစ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၃၃ ဒသမ ၃ အကွာ၌တည်ရှိသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

L363-38 ကြယ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်းရှစ်ဘီလီယံထိရှိပြီး ဒြပ်ထုအားဖြင့် နေဒြပ်ထု၏ သုည ဒသမ ၂၁ ဆမျှရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်ကို L363-38b ဂြိုဟ်အပြင် လက်ရှိတွင် မတွေ့ရသေးသည့် အခြားဂြိုဟ်များလည်း လှည့်ပတ်နေဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

KKO

## အားတီးမစ်-၁ မစ်ရှင်လွှတ်တင်ရေးအတွက် SLS ဒုံးပျံနှင့်အိုရီယွန်အာကာသယာဉ်တို့ကို နိုဝင်ဘာ ၄ ရက်တွင် ပစ်စင်ဆီသို့ ထပ်မံပို့ဆောင်ရန် နာဆာ စီစဉ်

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ်-၁ မစ်ရှင်ကို လွှတ်တင်ရေးအတွက် SLS ဒုံးပျံနှင့်အိုရီယွန်အာကာသယာဉ်တို့ကို နိုဝင်ဘာ ၄ ရက်တွင် ပစ်စင်ဆီသို့ ထပ်မံပို့ဆောင်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

အီယန် ဟာရီကိန်းမုန်တိုင်းကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်း၍ ဒုံးပျံယာဉ်တပ်ဆင်ရေးအဆောက်အအုံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရပြီးနောက် SLS ဒုံးပျံနှင့် အိုရီယွန်အာကာသယာဉ်တို့ကို ပစ်စင်ဆီသို့ ပြန်လည်ပို့ဆောင်ရန် နာဆာက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်မစ်ရှင်ကို နိုဝင်ဘာ ၁၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း၊ အားတီးမစ်-၁ မစ်ရှင်သည် SLS ဒုံးပျံအတွက် ပထမဆုံး အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။



အဆိုပါမစ်ရှင်အရ လွှတ်တင်ပြီးချိန်တွင် SLS ဒုံးပျံသည် အိုရီယွန်အာကာသယာဉ်ကို လကမ္ဘာအနီးသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

လပေါ်သို့ လူသားများပြန်လည်စေလွှတ်ရေးအတွက် နာဆာက စီစဉ်ထားရာ အားတီးမစ်-၁ မစ်ရှင်သည် အထက်ပါအစီအစဉ်၏ ပထမဆုံးခြေလှမ်းဖြစ်သည်။

လက်ရှိအချိန်တွင် နာဆာကျွမ်းကျင်သူများသည် SLS ဒုံးပျံနှင့် အိုရီယွန်အာကာသယာဉ်တို့ကို စမ်းသပ်စစ်ဆေးမှုများ အပြီးသတ် ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

## RM4 2022 ဂြိုဟ်သိမ် ကမ္ဘာကိုအနီးဆုံးမှတ်မှမပြတ်ကျော်မီ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၃**

RM4 2022 အမည်ရှိ ဂြိုဟ်သိမ် ကမ္ဘာကို အနီးဆုံးမှတ်မှ မဖြတ်ကျော်မီ သိပ္ပံပညာရှင်များက ၎င်းဂြိုဟ်သိမ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖြစ်သည့် ဘာ့ဂ်ျခါလီဖာမျှော်စင်၏ အရွယ်အစားတမျှရှိသော RM4 2022 ဂြိုဟ်သိမ်သည် နိုဝင်ဘာ ၂ ရက်က ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ် ကမ္ဘာကို အနီးဆုံးမှတ်မှမဖြတ်သန်းမီ အမေရိကန်သိပ္ပံပညာရှင်များက မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်များဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည်။

ကမ္ဘာမြေနှင့်မိုင်ပေါင်း ၁ ဒသမ ၉ သန်းအကွာသို့ RM4 2022 ဂြိုဟ်သိမ် ရောက်ရှိနေချိန်တွင် သိပ္ပံပညာရှင်များက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

RM4 2022 ဂြိုဟ်သိမ်သည် နိုဝင်ဘာ ၂ ရက်က ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်ဖြစ်သည့် မိုင်ပေါင်း ၁ ဒသမ ၃၄ သန်းအကွာမှတစ်ဆင့် ဘေးကင်းလုံခြုံစွာ ဖြတ်ကျော်ခဲ့ကြောင်း သိရသည်။

RM4 2022 ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်း ၁၀၈၃ ပေနှင့် ၂၄၂၈ ပေကြားထိ ရှိနိုင်ပြီး အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကမ္ဘာမြေအတွက် အန္တရာယ်ရှိလာနိုင်သော ဂြိုဟ်သိမ်များစာရင်း၌ ပါဝင်သည်။

နာဆာအဖွဲ့သည် ကမ္ဘာမြေနှင့်မိုင်ပေါင်း ၄ ဒသမ ၆၅ မိုင် အကွာအဝေးအတွင်း ပတ်လမ်းနေရာယူထားသည့် ဂြိုဟ်သိမ်များကို ကမ္ဘာမြေအတွက် အန္တရာယ်ရှိသည့်ဂြိုဟ်သိမ်များအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

KKO

# HEALTH

## အသက် ၂၀ နှင့် ၃၀ ကြား အရက်သောက်သူများ ငယ်ရွယ်စဉ်လေဖြတ်နိုင်ခြေ ပုံမှန်ထက်ပိုမြင့်မားနေ

**ဆိုးလ် နိုဝင်ဘာ ၃**

အသက် ၂၀ နှင့် ၃၀ ကြား အရွယ်တွင် အရက်ကိုအတော်အတန် သောက်သုံးခဲ့သူများနှင့် အလွန်အကျွံသောက်ခဲ့ဖူးသူများမှာ ငယ်ငယ်ရွယ်ရွယ်ဖြင့် လေဖြတ်နိုင်ခြေ ပုံမှန်ထက်မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ယူပီအိုင် သတင်းဌာနက နိုဝင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များသည် အသက် ၂၀ နှင့် ၃၀ ဝန်းကျင် လူငယ်များ၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အသက် ၂၀ နှင့် ၃၀ ဝန်းကျင်ပိုင်းတွင် အရက်ကို အတော်အတန် သောက်သုံးခဲ့သူများနှင့် အလွန်အကျွံ သောက်သုံးခဲ့သူများသည် အရက်လုံးဝမသောက်သူ သို့မဟုတ် အနည်းငယ်မျှသာ သောက်သုံးသူ သက်တူရွယ်တူများနှင့် နှိုင်းယှဉ်ပါက လူငယ်ဘဝ လေဖြတ်နိုင်ခြေ ပိုမြင့်မားနေတတ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လေ့လာမှုကာလ နှစ်နှစ်တာအတွင်း အရက်အတော်အတန် သောက်သုံးသူ၊ အလွန်အကျွံ သောက်သုံးသူများသည် လုံးဝမသောက်သူ၊ အနည်းငယ်မျှသာ သောက်သုံးသူများထက် လူငယ်ဘဝလေဖြတ်နိုင်ခြေ ၂၀ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အရက်သောက်သုံးမှုကာလ ကြာမြင့်လေလေ အတော်အတန်သောက်သူများနှင့် အလွန်အကျွံသောက်သူများ၌ လူငယ်ဘဝ လေဖြတ်နိုင်ခြေ ပို၍မြင့်မားလာလေလေဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## အိပ်စက်မှုဆိုင်ရာပြဿနာများက မျက်လုံးရေတိမ်ဖြစ်နိုင်ခြေနှင့်ဆက်စပ်နေဖွယ်ရှိ

**ပေကျင်း နိုဝင်ဘာ ၃**

အိပ်စက်မှုဆိုင်ရာပြဿနာများသည် မျက်လုံးကွယ်ရခြင်း၏အဓိကအကြောင်းတရားတစ်ရပ်ဖြစ်သော မျက်လုံးရေတိမ်ရောဂါ (Glaucoma) နှင့် ဆက်စပ်နေဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက် နိုဝင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ စီချွမ်းတက္ကသိုလ်မှ သုတေသန ပညာရှင်များသည် အိပ်စက်မှုပြဿနာများနှင့် အမြင်အာရုံပြဿနာများကြား ဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက် လူပေါင်း ၄၀၀၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ နေ့ပိုင်းကာလ မကြာခဏအိပ်ငိုက်နေတတ်သူများတွင် မျက်လုံးရေတိမ်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၀ ရာခိုင်နှုန်းမြင့်တက်နေတတ်ပြီး အိပ်မရနိုင်မှုပြဿနာရှိနေသူများတွင် ၁၂ ရာခိုင်နှုန်းထိ မြင့်မားနေနိုင်ကြောင်း သိရသည်။

ထို့ပြင် အိပ်စက်ချိန်နည်းလွန်းမှု သို့မဟုတ် များလွန်းမှုပြဿနာများကြောင့် မျက်လုံးရေတိမ်ရောဂါဖြစ်နိုင်ခြေမှာ ရှစ်ရာခိုင်နှုန်းမြင့်မားလာတတ်ပြီး အိပ်စက်နေချိန်ဟောက်သံထွက်မှုပြဿနာကြောင့် လေးရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။ KKO



နိုင်ငံတကာ
**အားကစားသတင်းများ**

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်များ

ML

**လိဒ် Vs ဘုန်းမောက်**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၂ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိဒ် ၁ - ၀ ဘုန်းမောက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိဒ် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ဘုန်းမောက် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

တိုက်စစ်ကစားပုံကောင်းနေတဲ့ လိဒ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ခံစစ်ပိုင်းပြင်ဆင်နိုင်ခဲ့တာကြောင့် လီဗာပူးအသင်းကို အနိုင်ရခဲ့ပြီး ပုံစံကောင်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ဘုန်းမောက်အသင်းကတော့ ခြေစွမ်းပိုင်းကျဆင်းတာကြောင့် နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပါတယ်။ ဒါကြောင့် လိဒ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - လိဒ် ၂ - ၁ ဘုန်းမောက်**

**ဝုဗ် Vs ဘရိုက်တန်**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၂ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဗ် ၀ - ၃ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |
| ဘရိုက်တန် | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

ဝုဗ်အသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတာကြောင့် တန်းဆင်းဇုန်ထဲရောက်ရှိနေပေမဲ့ အခုပွဲစဉ်မှာတော့ အိမ်ကွင်းအားသာချက်နဲ့နိုင်ပွဲရာရမှာဖြစ်ပါတယ်။ အဝေးကွင်းကစားပုံကျဆင်းနေတဲ့ ဘရိုက်တန်ကတော့ အခုပွဲစဉ်မှာ ဝုဗ်အသင်းရဲ့တန်းဆင်းဇုန်ရုန်းအားကြောင့် အခက်တွေ့မှာသေချာပါတယ်။ ဒါကြောင့် ဝုဗ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဝုဗ် ၁ - ၀ ဘရိုက်တန်**

## အီတလီစီးရီးအေ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်

ML

**အတ္တလန္တာ Vs နာပိုလီ**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၂ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အတ္တလန္တာ ၁ - ၃ နာပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန္တာ | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| နာပိုလီ | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

အတ္တလန္တာအသင်းဟာ အဝေးကွင်းကစားပုံကောင်းပေမဲ့ အသင်းကြီးတွေနဲ့ဆို အိမ်ကွင်းမှာ ရှုန်းကန်ရလေ့ရှိပါတယ်။ လက်ရှိ နာပိုလီအသင်းကတော့ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်မှာ ရှုံးပွဲကြုံခဲ့တာကြောင့် အမှတ်ပေးပွဲမှာ နိုင်ပွဲဆက် စံချိန်ကို ထိန်းနိုင်ဖို့ အစွမ်းကုန်တိုက်စစ်မြှင့် ဖိအားပေးလာမှာပါ။ ဒါကြောင့် နာပိုလီအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - အတ္တလန္တာ ၁ - ၂ နာပိုလီ**

## အားကစားသတင်း အတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီ နည်းပြအာတီတာလက်အောက်တွင် အမှတ်ပေးပြိုင်ပွဲသုံးပွဲသာပါဝင်ခွင့်ရခဲ့သည့် ခံစစ်ကစားသမားတီယာနေးက အာဆင်နယ်အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေကြောင်း သိရသည်။
- အဲဗာတန်အသင်းက ဗီအက်စ်ဗွီခံစစ်ကစားသမား ဘရန့်ဝိတ်ကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူ၍ ခံစစ်ပိုင်းဖြည့်တင်းသွားမည်ဟု ပြောကြားခဲ့သည်။
- ဘိုင်ယန်မြူးနစ်ဂိုးသမားနူအာက ၎င်းအနေဖြင့် မျက်နှာအရေပြားကင်ဆာရောဂါကြောင့် သုံးကြိမ်တိုင် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

## ကွင်းလယ်ကစားသမား ဆွန်ဟောင်မင် ဒဏ်ရာခွဲစိတ်ကုသမှုခံယူရမည်ဟု စပါးအသင်းထုတ်ပြန်



**လန်ဒန် နိုဝင်ဘာ ၃**

ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မာဆေးအသင်းနှင့် စပါးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် မျက်ခုံးထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကွင်းလယ်ကစားသမား ဆွန်ဟောင်မင်အနေဖြင့် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း စပါးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဆွန်ဟောင်မင်သည် ပထမပိုင်းပွဲကစားချိန် ၂၉ မိနစ်အရောက်တွင် မာဆေးအသင်းခံစစ်ကစားသမား မီအမ်ဘာနှင့် ဦးခေါင်းချင်း တိုက်မိရာမှ ဘယ်ဘက်မျက်ခုံး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အသင်းဖော်ကစားသမား ဘစ်ဆူးမားနှင့် လူစားလဲထွက်ခွာခဲ့ရသကဲ့သို့ ပွဲပြီးဆုံး၍ အောင်ပွဲခံချိန်တွင်လည်း ရုပ်သံပြကွက်များ၌ ၎င်း၏မျက်ခုံးမှာ ဖူးရောင်နေကြောင်း သိရသည်။

စပါးအသင်းက "အသင်းအနေနဲ့ နိုင်ပွဲရရှိခဲ့ပေမဲ့ ကွင်းလယ်ကစားသမား ဆွန်ဟောင်မင်ကတော့ပထမပိုင်းမှာရရှိခဲ့တဲ့ ဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူရမှာပါ။ သူ့အနေနဲ့ ဘယ်ဘက်မျက်ခုံးခွဲစိတ်ရမှာဖြစ်ပေမဲ့ စိုးရိမ်စရာအခြေအနေတော့မရှိပါဘူး။ ဒဏ်ရာခွဲစိတ်ပြီးရင် ဘယ်လောက်အနားယူရမလဲဆိုတာတော့ အသင်းဆေးအဖွဲ့အနေနဲ့ ထုတ်ပြန်ပေးသွားမှာပါ" ဟု ပြောကြားခဲ့သည်။

စပါးအသင်းသည် မာဆေးအသင်းနှင့်ပွဲစဉ်တွင် ကွင်းလယ်တိုက်စစ်ကစားသမားများဖြစ်သည့် ရစ်ချာလီဆန်နှင့် ကူလူဆက်စကီးတို့ကို ဒဏ်ရာကြောင့်လက်လွှတ်ခဲ့ရသည့်အပြင် ကွင်းလယ်ကစားသမား ဆွန်ဟောင်မင်လည်းဒဏ်ရာရရှိခဲ့သဖြင့် နိုင်ပွဲရရှိရန် ဖိအားအောက်ကျရောက်ခဲ့ပြီး လူးကပ်မော်ရာ၊ ဘရိုင်ယန်တို့ကို ဟယ်ရီကိန်းနှင့် တွဲဖက်အသုံးပြုခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အလေးမအားကစားနည်း ဆန်းစစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

ကမ္ဘောဒီးယားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းမှ ပဏာမလက်ရွေးစင်အားကစားသမားများနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်းမှ အားကစားသမားများအား အလေးမ အားကစားနည်းပြိုင်ပွဲဆန်းစစ်ခြင်းကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမအားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလေးမအားကစားနည်းဆန်းစစ်ပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကါအေးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

အဆိုပါ အလေးမအားကစားနည်းပြိုင်ပွဲ ဆန်းစစ်ပြိုင်ပွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းမှ အလေးမ အမျိုးသားအားကစားသမားနှစ်ဦး၊ အမျိုးသမီးအားကစားသမား ငါးဦး၊ လူငယ်အားကစား လေ့ကျင့်ရေးစခန်းမှ အလေးမ အမျိုးသားအားကစားသမားနှစ်ဦး၊ အမျိုးသမီးအားကစားသမား နှစ်ဦးနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)မှ အလေးမ အမျိုးသား အားကစားသမားတစ်ဦး စုစုပေါင်း အားကစားသမား ၁၂ ဦးတို့သည် ပြိုင်ပွဲအမျိုးအစားအလိုက် (ကျား)ဝိတ်တန်း လေးမျိုး၊ (မ)ဝိတ်တန်း ခြောက်မျိုးတို့တွင် အသီးသီး ဝင်ရောက်အရွေးချယ်ခံခဲ့ကြောင်း သိရသည်။

STA

## Paris Masters ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရာဖေးလ်နာဒယ်က တွမ်မီပေါလ်ကို ရှုံးနိမ့်



**ပဲရစ် နိုဝင်ဘာ ၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမားရာဖေးလ်နာဒယ်နှင့် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တွမ်မီပေါလ်က (၃-၆၊ ၇-၆၊ ၆-၁) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ATP Tour က ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်သည် ကမ္ဘာ့အဆင့်(၁) နေရာကို ပြန်လည်ရရှိရေးအတွက် Paris Masters တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားခဲ့သော်လည်း ထင်မှတ်မထားသည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

တွမ်မီပေါလ်သည် Paris Masters တင်းနစ်ပြိုင်ပွဲကို လက်ရည်စစ်ပွဲအဆင့်မှ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သူဖြစ်ပြီး ရာဖေးလ်နာဒယ်အတွက် ပြိုင်ဘက်တစ်ယောက် မဖြစ်နိုင်ကြောင်း ပွဲကြိုသုံးသပ်ချက်များ ထွက်ပေါ်ခဲ့ရာ ၎င်းသည် ရာဖေးလ်နာဒယ်ကို နောက်မှလိုက်ကစားခဲ့ပြီးမှ အံ့အားသင့်ဖွယ်လက်စွမ်းဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ရာဖေးလ်နာဒယ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အကြိတ်အနယ်ကစားခဲ့ပြီးမှ Tie-break တွင် တွမ်မီပေါလ်အား ရှုံးနိမ့်ခဲ့ရပြီး တတိယပွဲငယ်တွင် တွမ်မီပေါလ်က ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

တွမ်မီပေါလ်က "ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် အခမ်းအနားဆုံးနိုင်ပွဲပါ။ ကျွန်တော့်အတွက် အအောင်မြင်ဆုံးနေ့ တစ်နေ့လို့လဲ ခံစားရတယ်။ တင်းနစ်ပြိုင်ပွဲတွေမှာ တင်းနစ်လောကကို ကြီးစိုးနေတဲ့ ကစားသမားတွေနဲ့ ထိပ်တိုက်တွေ့ဆုံရပြီဆိုရင် စိတ်လှုပ်ရှားကြတယ်။ ကျွန်တော်လဲ အရမ်း စိတ်လှုပ်ရှားတယ်။ ဒီတစ်ကြိမ်နဲ့ဆို ရာဖေးလ်နာဒယ်နဲ့ ကစားရတာ နှစ်ကြိမ်ရှိပါပြီ။ ပထမတစ်ကြိမ်တုန်းက အရမ်းစိတ်လှုပ်ရှားနေတော့ ကောင်းကောင်းမကစားနိုင်ခဲ့ဘူး။ ပထမတစ်ကြိမ် တွေ့ဆုံခဲ့တုန်းက ဖြစ်ရပ်ကို သင်ခန်းစာယူပြီး အခုတစ်ကြိမ်မှာတော့ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင်ထားတယ်။ ဒီတစ်ကြိမ်မှာတော့ ကျွန်တော် လိုချင်တဲ့ရလဒ်တစ်ခုကို ရယူနိုင်ခဲ့တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

တွမ်မီပေါလ်သည် တတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား ကာရင်နိုနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

AZL

# ရှမ်းယူနိုက်တက်အသင်း ရာသီကုန်ဆုံးရန် နှစ်ပွဲအလိုတွင် ချန်ပီယံဆု ဆွတ်ခူး



**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၈) အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ယခုနှစ်ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပြီးဆုံးရန် နှစ်ပွဲအလိုတွင် ရှမ်းယူနိုက်တက်အသင်းက ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် အနိုင်ရရှိလျှင် ရာသီမကုန်ဆုံးမီ ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဖြစ်သည့်အတွက် ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက ဟံသာဝတီယူနိုက်တက်အသင်းကို ဖိအားပေးကစားခဲ့ပြီး ပွဲချိန် မိနစ် ၂၀ တွင် မြတ်ကောင်းခန့်က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ ပွဲချိန် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း ထိရောက်သည့် တိုက်စစ်ဆင်မှု မပြုလုပ်နိုင်ခဲ့ဘဲ ပွဲချိန် ၆၂ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းက ပင်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ရာ စည်သူအောင်က အမှားအယွင်းမရှိ ကန်သွင်းပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၁၅ ပွဲ ကစားခဲ့ရာ ၁၂ ပွဲနိုင် သုံးပွဲသရေဖြင့် ရှုံးပွဲ မရှိခဲ့ဘဲ ရမှတ် ၃၉ မှတ်ရရှိခဲ့ကာ ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် အမှတ်ပေးဇယား ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် တတိယနေရာမှ ဟံသာဝတီယူနိုက်တက်အသင်းတို့ကို ရမှတ် ခုနစ်မှတ်ထိ ဖြတ်တောက်နိုင်ခဲ့သည့်အတွက် ဘောလုံးရာသီ မပြီးမီတွင် ချန်ပီယံဆုကို နှစ်နှစ်ဆက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# LPGA Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဆူဇူကီးနှင့်မိုမိုကိုတို့ ပူးတွဲဦးဆောင်

**တိုကျို နိုဝင်ဘာ ၃**

ဂျပန်နိုင်ငံ အော့ဆူမြို့တွင် ကျင်းပနေသည့် LPGA Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ဆူဇူကီးနှင့် မိုမိုကိုတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီ လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း JP Times သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဂျပန် ဂေါက်သီးရိုက်မယ်များဖြစ်သည့် ဆာကူရာနှင့် အယာကာတို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

အယာကာသည် လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး ပထမနေ့တွင် အကောင်းဆုံး လက်စွမ်းပြထားနိုင်သလို လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဆူဇူကီးသည်လည်း ၂၀၁၉ ခုနှစ်တွင် LPGA Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ဖူးသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ဆူဇူကီးကလည်း ချန်ပီယံဆုကို ထပ်မံဆွတ်ခူးနိုင်ရန် ရေပန်းစားလျက်ရှိသည်။

ဆူဇူကီးက "ဒီနှစ်အတွင်း Swing ရိုက်ချက်တွေ အားနည်းခဲ့တယ်။ နည်းပြငှားတော့လဲ အဆင်မပြေဘူး။ အားနည်းနေတဲ့ Swing ရိုက်ချက်တွေကို မပြင်ဆင်နိုင်ခဲ့ဘူး။ ဒီပြိုင်ပွဲမှာတော့ နည်းပြမပါဘဲ ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ ပထမနေ့မှာတော့ အဆင်ပြေခဲ့ပါတယ်။ အားနည်းချက်တွေ ရှိနေဆဲဆိုပေမဲ့လဲ ရလဒ်တွေ သိသိသာသာ တိုးတက်လာခဲ့တယ်။ သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လောက်ထိ လျှော့ရိုက်နိုင်တဲ့ အခွင့်အရေးတွေရခဲ့ပေမဲ့လဲ အမှားအယွင်းတချို့ကြောင့် အခွင့်အရေးတွေကို အကောင်းဆုံးအသုံးမချနိုင်ခဲ့ဘူး" ဟု ပြောကြားခဲ့သည်။

မိုမိုကိုက"ပထမနေ့မှာ Driver နဲ့ Putter တွေကိုပြောင်းပြီးရိုက်ခဲ့တယ်။ Driver ကိုတော့ တခြားပြိုင်ပွဲတွေမှာ အပြောင်းအလဲလုပ်ပြီး ရိုက်ခဲ့ပေမဲ့လဲ Putter တွေကိုတော့ အခုလို အပြောင်းအလဲလုပ်လေ့မရှိပါဘူး။ ဒါပေမဲ့ အခုလို အပြောင်းအလဲပြုလုပ်လိုက်တာလဲ အလုပ်ဖြစ်တာ တွေ့ရတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် လူးဝစ်မှတ်တမ်းဝင်



**မန်ချက်စတာ နိုဝင်ဘာ ၃**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စု (G) နောက်ဆုံးပွဲစဉ်တွင် မန်စီးတီးအသင်းနှင့် ဆီဗီလာအသင်းတို့ ကစားခဲ့ရာ မန်စီးတီးအသင်းအတွက် ချေပဂိုး သွင်းယူပေးခဲ့သည့် လူငယ်ခံစစ်ကစားသမား လူးဝစ်အနေဖြင့် ပထမဆုံးပါဝင်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘင်ဇီးမားက ၂၀၀၅ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လိုင်ယွန်အသင်းအတွက် ပထမဆုံးပါဝင်၍ အသက်အငယ်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း လက်ရှိတွင် ဆီဗီလာအသင်းကို အဖွင့်ဂိုးသွင်းယူပေးခဲ့သည့် မန်စီးတီးအသင်း လူငယ်ခံစစ်ကစားသမား လူးဝစ်က အသက် ၁၇ နှစ် ၃၄၇ ရက်သာ ရှိသေးသည့်အတွက် ဘင်ဇီးမား၏စံချိန်ကို ကျော်ဖြတ်ကာ မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် လူငယ်ကစားသမား လူးဝစ်သည် ညာတောင်ပံခံစစ်ပိုင်းတွင် ပွဲထွက်ခွင့်ရရှိခဲ့ရာ မန်စီးတီးအသင်းအနေဖြင့် ပထမပိုင်းတွင် တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပိုင်းတွင် တိုက်စစ်မြှင့်တင်လာခဲ့ရာ ပွဲကစားချိန် ၅၂ မိနစ်အရောက်တွင် တိုက်စစ်မှူး အဲလဗရက်ဇ်၏ ဖန်တီးပေးမှုမှ လူငယ်ကစားသမား လူးဝစ်က ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပထမဆုံးပါဝင်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်များ

STA

**ဒေါ့မွန်** Vs **ဘိုချမ်**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၂ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၃ - ၄ ဘိုချမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | – | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(သရေ) |
| ဘိုချမ် | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

ဒေါ့မွန်အသင်းဟာ အိမ်ကွင်းမှာ ရမှတ်အပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိ ဒေါ့မွန်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ ဘိုချမ်အသင်းကိုအကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဘိုချမ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရလို့ ဒေါ့မွန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဒေါ့မွန် ၂ – ၀ ဘိုချမ်**

**ဟာသာဘာလင်** Vs **ဘိုင်ယန်မြူးနစ်**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၂ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဟာသာဘာလင် ၁ – ၄ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဟာသာဘာလင် | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဘိုင်ယန်မြူးနစ် | – | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရယူထားတဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ အမှတ်ပေးဇယားထိပ်ဆုံးကိုပြန်လည်တက်လှမ်းဖို့အမှားခံမှာမဟုတ်ပါဘူး။ ဟာသာဘာလင်အသင်းကတော့ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ဘိုင်ယန်မြူးနစ်အသင်းပဲနိုင်ပွဲဆက်သွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဟာသာဘာလင် ၁ – ၃ ဘိုင်ယန်မြူးနစ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်များ

STA

**အေဂျက်စီယို** Vs **စထရာဘော့**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၂ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စထရာဘော့ ၄ – ၂ အေဂျက်စီယို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေဂျက်စီယို | – | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| စထရာဘော့ | – | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |

နှစ်သင်းစလုံး နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ရုန်းကန်နေရပါတယ်။ အေဂျက်စီယိုအသင်းကတော့ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပါတယ်။ စထရာဘော့အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေလို့ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ အေဂျက်စီယိုနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – အေဂျက်စီယို ၁ – ၀ စထရာဘော့**

**အန်ဂါ** Vs **လန်း**

**ကစားမည့်ရက်/အချိန် ၆-၁၁-၂၀၂၂ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အန်ဂါ ၁ – ၂ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**


| | | | | |
|---|---|---|---|---|
| အန်ဂါ | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| လန်း | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်ရှုံးပွဲကြုံထားတဲ့ အန်ဂါအသင်းရဲ့ ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေပါတယ်။ လန်းအသင်းကတော့ နောက်ဆုံး သုံးပွဲဆက်နိုင်ပွဲရရှိထားပြီး ပုံစံကောင်းပြသနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ လက်ရှိခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လန်းအသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – အန်ဂါ ၀ – ၂ လန်း**

# မျက်စိတိမ်ရောဂါများ

ပြည့်အောင်(COA)




ရေတိမ်ဖြစ်ပွားပုံအဆင့်ဆင့်ကို တွေ့ရစဉ်။

တိမ်ဟူသော ဝေါဟာရကို ကာနေသည့် သဘော၊ ကွယ်သည့် အခြေအနေတို့တွင် သုံးသည်ကို တွေ့ရ၏။ ကောင်းကင်တွင် တိမ်ရှိလျှင် မြေပြင်သို့နေရောင် မရောက်သည့် သဘာဝကိုမှီးသည်ဟုထင်၏။ ထိုနည်းတူ မျက်စိရောဂါ အမည်များတွင်လည်း တိမ်နှင့် ဆက်စပ်သော အခေါ်များကိုတွေ့ရသည်။

(၁) အတွင်းတိမ်(Cataract)
(၂) ရေတိမ်(Glaucoma)
(၃) အပြင်တိမ်(Corneal Ulcer)
(၄) မျက်သားတိမ် (Pterygium) စသည်တို့ဖြစ်၏။

ထိုရောဂါများတွင် တိမ်၏သဘော သဘာဝကဲ့သို့ မျက်စိတွင်းအင်္ဂါအစိတ်အပိုင်းတစ်ခု ဖောက်ပြန်ချို့ယွင်းသောကြောင့် မျက်စိအမြင်လမ်းကြောင်းကို ကွယ်ကာသကဲ့သို့ဖြစ်သော ရောဂါများရှိသကဲ့သို့ မျက်စိ၏လုပ်ငန်းစဉ်ဖောက်ပြန်သောကြောင့် အမြင်ဝေဝါးသွားသောရောဂါများလည်း ပါသည်ကိုတွေ့ရ၏။

**(၁) အတွင်းတိမ် (Cataract)**

မျက်စိတွင်း၌ သဘာဝမှန်ဘီလူးလေးရှိ၏။ ထိုမှန်ဘီလူးလေးသည် မျက်စိရှေ့ခန်း (Anterior Chamber)နှင့်မျက်စိနောက်ခန်း(Posterior Chamber) တို့၏ကြားတွင် ရှိသည်။ မှန်ဘီလူးလေးတွင်မှန်ဘီလူးအခွံ(Capsule)နှင့် မှန်ဘီလူးအဆန် (Nucleus) ဟူ၍ရှိ၏။ မှန်ဘီလူးသည် ရေလိုမှန်လိုကြည်လင်သော အရည်အသွေး (Transparency)ရှိ၍ ပုံရိပ်အလင်းတန်းတို့ ဖြတ်သန်းနိုင်သောကြောင့် ကာယကံရှင်သည် ကြည်ကြည်လင်လင်မြင်ရခြင်း ဖြစ်သည်။

အသက်ကြီးလာသောအခါ ဆံပင်ဖြူလာခြင်းကဲ့သို့ အားနည်းချက်များဖြစ်လာသဖြင့် ထိုမှန်ဘီလူး၏ အဆန်(Nucleus)သည် တဖြည်းဖြည်းဖြူလာ၏။ အမြင်လမ်းကြောင်းကို တိမ်ကဲ့သို့ကာ၍နေပြီး မျက်စိ၏ အတွင်းတွင်ရှိသောကြောင့် ၎င်းကိုအတွင်းတိမ်ဟုခေါ်ကြသည်။ ၎င်းသည် အသက် ၆၀ ခန့် သက်ကြီးများတွင် အဖြစ်များသည်။ ကမ္ဘာပေါ်တွင် မျက်စိကွယ်စေသော အကြောင်းရင်းများအနက် အဖြစ်အများဆုံးလည်းဖြစ်၏။ အခြားသောမွေးရာပါ အတွင်းတိမ်၊ သက်ငယ်အတွင်းတိမ်၊ ထိခိုက်မိသောကြောင့်ဖြစ်သော အတွင်းတိမ်များလည်းရှိသေးသည်။

အတွင်းတိမ်များသည် တစ်ဖက်ချင်းစီသာ စတင်ဖြစ်ပွားတတ်၏။ တဖြည်းဖြည်းတရွေ့ရွေ့သာ တိုး၍ မှုန်လာတတ်သောကြောင့် ဖြစ်စတွင် ကာယကံရှင်က သတိမထားမိပေ။ အမြင်ဝေဝါးလာသော်လည်း ကျန်တစ်ဖက်ကကောင်းနေ၍ မြင်နေသေးသောကြောင့် မျက်စိစမ်းသပ်သောအခါမှသာ သိကြ၏။ တော်တော်များများမှာ မျက်စိနှစ်ဖက်စလုံး အတွင်းတိမ်ဖြစ်၍ မမြင်ရမှသာ သိကြလေသည်။

အတွင်းတိမ်သည် ခွဲစိတ်ကုသမှသာ မြင်နိုင်သော မျက်စိပြဿနာဖြစ်သည်။ ခေတ်မီနည်းစနစ်များကြောင့် ရာနှုန်းပြည့်နီးပါးမျှ အောင်မြင်နေသော ကုသမှုဖြစ်၏။ တိမ်ဖြစ်နေသော မျက်စိတွင်းသဘာဝမှန်ဘီလူးကိုထုတ်၍ လူတို့ဖန်တီးထားသော မှန်ဘီလူးအသစ်ကို အစားထိုးခြင်းဖြင့် ကြည်လင်သောအမြင်ကိုရစေသည်။

အသုံးများသော အတွင်းတိမ်ခွဲစိတ်နည်းများမှာ အသံလွန်လှိုင်းဖြင့်ခွဲစိတ်ကုသခြင်း(Phacoemulsification or Phakoemulsification)နှင့် ခွဲစိတ်ရာကျဉ်းချုပ်ကြိုးမဲ့ခွဲစိတ်ကုသခြင်း(Sutureless Small Incision Cataract Surgery –SICS)တို့ဖြစ်သည်။


**(၂) ရေတိမ် (Glaucoma)**

မျက်လုံးအတွင်း၌ ဗစ်ထရပ်စ် (Vitrous)ဟုခေါ်သော မျက်စိရည်ပျစ်များရှိသည်။ ထိုအရည်များသည် မျက်စိ၏ဝန်းဝိုင်းသောပုံသဏ္ဍာန် မှန်နေရန်နှင့် အမြင်အာရုံကြည်လင်စေရန် အထောက်အပံ့ပြုသည်။ ထိုသို့ဖြစ်ရန် မျက်စိရည်ပျစ်များသည် မှန်ကန်သော မျက်စိတွင်းဖိအား (Intra-ocular Pressure)၊ မှန်ကန်သောပမာဏရှိရမည်။ မှန်ကန်သောသိပ်သည်းဆရှိရမည်။ ကြည်လင်သော အရည်အသွေးရှိရသည်။ ထိုမျက်စိရည်ပျစ်များ မျက်စိအတွင်းပမာဏ များလာလျှင် သဘာဝရေထွက်ပေါက်လေးများမှ စိမ့်ထွက်သည်။ ထိုရေထွက်ပေါက်လေးများသည် မျက်စိရှေ့ခန်းနှင့် မျက်စိနောက်ခန်းကြားရှိ မျက်နက်ဝန်း(Iris)၏ အခြေတွင် ရှိသည်။

ထိုရေထွက်ပေါက်ပိတ်သွားလျှင် မျက်လုံးတွင်း၌ ဖိအားတိုးလာသည်။ ထိုဖိအားသည် မျက်လုံးနံရံများကိုဖိသောကြောင့် ပုံရိပ်အလင်းတန်းများ ထင်ဟပ်သောမြင်လွှာကိုလည်းဖိသည်။ ထိုအခါ ပုံရိပ်များကို ဖတ်သော သွေးကြောလေးများကို ဖိမိသောကြောင့် အမြင်အာရုံ ဝေဝါးသွားတော့သည်။ ထိုကာလကြာလျှင် အမြင်အာရုံလုံးဝဆုံးရှုံးသွားပေမည်။ ဖိအားကြောင့် မျက်စိမှုန်ခြင်းဖြစ်သော်လည်း တစ်ခုခုကွယ်ကာနေသကဲ့သို့ဖြစ်သောကြောင့် ရေတိမ်ဟုခေါ်ခြင်းဖြစ်ပေမည်။

ရေတိမ်နှစ်မျိုးရှိသည့်အနက် ပထမအမျိုးအစားမှာ မျက်စိနီခြင်း၊ နာကျင်ခြင်း၊ အမြင်မှုန်ဝါးခြင်း၊ မျက်ရည်ပူကျခြင်း စသည်တို့ကိုခံစားရမည်။

ရေတိမ်၏ထူးခြားချက်မှာ မျက်စိတစ်ဖက်တည်း၌ခံစားရခြင်းဖြစ်ပြီး နာကျင်ကိုက်ခဲမှုတိုး၍တိုး၍ ခံစားရခြင်း၊ ချက်ချင်းရုတ်တရက်မှုန်ဝါးသွားခြင်း၊ ပြင်းထန်စွာခေါင်းကိုက်ခြင်း၊ ပျို့ချင်အန်ချင်ဖြစ်ခြင်း၊ အစားစားချင်စိတ်မရှိခြင်းစသည်တို့ပါ ပေါ်ပေါက်လာတတ်ခြင်းပင်ဖြစ်သည်။ထို့ကြောင့် "နီကိုက်၊ မှုန်ပျို့



မျက်ကြည်လွှာတွင်တွေ့ရသော အပြင်တိမ်ကိုတွေ့ရစဉ်။

ရေတိမ်ဗျို့၊ မနေးအမြန်၊ ကုသရန်"ဟုပင် စာချိုးရှိပါသည်။

ဒုတိယအမျိုးအစားမှာ နီခြင်းကိုက်ခြင်း ဝေဒနာများမခံစားရဘဲ မသိမသာ တိုး၍တိုး၍ မျက်စိမှုန်လာသော အမျိုးအစားဖြစ်သည်။ မသိမသာဖြစ်သောကြောင့် ကာယကံရှင်ကိုယ်တိုင် မသိနိုင်ပေ။ မျက်စိပညာရှင်၊ မျက်စိအထူးကုဆရာဝန်ကြီးများသာ စစ်ဆေးသိနိုင်သောကြောင့် မျက်စိကိုပုံမှန်စစ်ဆေးကြရန် တိုက်တွန်းကြခြင်းဖြစ်သည်။ အချိန်မီ မသိပါက အမြင်အာရုံလုံးဝဆုံးရှုံးသည်ထိ ဖြစ်နိုင်သည်။

ရေတိမ်ကိုကုရာတွင် မျက်စိတွင်းဖိအားလျှော့ကျရန်၊ သောက်ဆေး၊ မျက်စဉ်းဆေးများပေး၍ ရှေးဦးစွာကုသသည်။ ထိုမှမသက်သာလျှင်၊ မျက်ရည်ထွက်ပေါက်ပွင့်ရန်၊ လေဆာရောင်ခြည်သုံးခေတ်မီကိရိယာ (YAG Laser)ဖြင့်ကုသသည်။ လေဆာဖြင့်မရလျှင် ရေတိမ်ခွဲစိတ်ကုသခြင်း(Trabeculectomy)ဖြင့်ပိတ်နေသော ရေထွက်ပေါက်ကို ဖွင့်ပေးမည်ဖြစ်သည်။

**(၃) အပြင်တိမ် (Corneal Ulcer)**

အပြင်တိမ်သည် မျက်စိ၏အရှေ့၊ အပြင်ဘက်ကျဆုံးအပိုင်းဖြစ်သော မျက်ကြည်လွှာတွင်ဖြစ်သည်။ မျက်ကြည်လွှာအနာဖြစ်ခြင်း၊ မျက်ကြည်လွှာထိခိုက်မိ၍ ဒဏ်ရာရခြင်းများကြောင့် အမာရွတ်(Ulcer)ကျန်ရာမှစတင်သည်။ ၎င်းအမာရွတ်သည် အဖြူရောင်ဖြစ်လာပြီး ကျယ်ပြန့်လာသောအခါ မျက်စိ၏အမြင်လမ်းကြောင်းကိုကွယ်စေ၏။ ထိုအခါ အမြင်အာရုံဆုံးရှုံးတော့သည်။ ကြီးမလာဘဲ တစ်သမတ်တည်းရှိနေသော အမာရွတ်များလည်းရှိသည်။ မျက်စိထိခိုက်မိခြင်းနှင့် မျက်စိနာရောဂါများကို ဆရာဝန်နှင့်စနစ်တကျမကုသောကြောင့် အပြင်တိမ်ဖြစ်ရသည်။ မျက်ကြည်လွှာ အစားထိုးလဲလှယ်ခြင်းဖြင့်သာလျှင် အပြင်တိမ်ကို ကုသနိုင်သည်။

မျက်ကြည်လွှာ အစားထိုးနိုင်ရန်အတွက် မျက်စိဆေးရုံကြီးများရှိ မျက်စိဘဏ်တွင် သွားရောက်စစ်ဆေးမှုခံယူပြီး စာရင်းသွင်းထားရမည်ဖြစ်သည်။ သို့မှသာ ထိန်းသိမ်းသိုလှောင်ထားသော မျက်ကြည်လွှာရှိလျှင် အလှယ်တကူ အစားထိုးလဲလှယ်နိုင်ပေမည်။ ထိုသို့မရှိလျှင် မျက်ကြည်လွှာအလှူရှင်၏မျက်ကြည်လွှာကို အလှည့်ကျစနစ်ဖြင့် စောင့်ဆိုင်းလဲလှယ်ခွင့်ရမည်ဖြစ်သည်။

**(၄) မျက်သားတိမ် (Pterygium)**

မျက်သားတိမ်သည် မျက်သားတက်ရာမှစတင်သည်။ မျက်စိတွင်း၌ မျက်စိကိုအကျိုးမပြုသော တစ်ရှူးများတိုးပွားလာခြင်းကို မျက်သားတက်သည်ဟုခေါ်သည်။ နေပူ၊ လေပူထိဖန်များခြင်း၊ ဖုန်၊ အမှိုက်မကြာခဏဝင်ခြင်းများကြောင့် မျက်သားတက်ခြင်းဖြစ်သည်။ လယ်ကွင်းများနှင့် လွင်တီးခေါင်ကွင်းပြင်များတွင် အလုပ်လုပ်သူများ၊ အစဉ်သဖြင့် ခရီးသွားနေရသူများတွင် မျက်သားတက်ခြင်းအဖြစ်များသည်။ မျက်စိ၏ထောင့်စွန်းများ (နှာခေါင်းဘက်ထောင့်စွန်းနှင့်နားရွက်ဘက်ထောင့်စွန်း)မှ စဖြစ်၏။ နှာခေါင်းဘက်ထောင့်စွန်းတွင် အဖြစ်များသည်။ ထိုထောင့်စွန်းများမှစတင်သော မျက်သားတက်ရိယာသည် မျက်ကြည်လွှာသို့ရောက်လျှင် အမြင်လမ်းကြောင်းကို ကွယ်စေသောကြောင့် မျက်သားတိမ်ဖြစ်လာသည်။

မျက်သားတက်လျှင် မျက်သားတိမ်အဖြစ်အရောက်မခံဘဲ ဆောလျင်စွာကုသမှုခံယူသင့်သည်။ မျက်သားတိမ်ဖြစ်ပါက မျက်ကြည်လွှာပေါ်သို့ မျက်သားရောက်နေပြီဖြစ်သောကြောင့် ခွဲစိတ်ကုသရာတွင် ခဲယဉ်း၏။ ခွဲစိတ်ပြီးနောက်ပိုင်းတွင် မျက်ကြည်လွှာအမာရွတ် (Corneal Ulcer)ဖြစ်တတ်သည်။ မျက်သားတက်သည်ကိုကုသခြင်းမှာ အသေးစားခွဲစိတ်ကုသမှု(Minor Operation)သာဖြစ်ရာ စိုးရိမ်ဖွယ်မရှိပေ။ ကုသနည်းတွင် မျက်သားခြစ်ထုတ်ခြင်းနှင့် မျက်သားခြစ်ထုတ်ပြီးနောက် မျက်မြှေးလွှာ (Conjunctiva)ဖြင့် ပြန်လည်ဖုံးအုပ်ခြင်းဟူ၍ရှိရာ မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးက သင့်တော်သော ကုသမှုပြုမည်ဖြစ်သည်။

ယခုအခါ မျက်စိဝေဒနာကုသမှုတွင် ခေတ်မီနည်းစနစ်များ ပေါ်ပေါက်နေပြီဖြစ်ရာ မျက်စိဝေဒနာဖြစ်ပွားပါက ဆောလျင်စွာ ကုသမှုခံယူသင့်ကြောင်း ရေးသားလိုက်ရပေသည်။

❖ ရေတိမ်၏ထူးခြားချက်မှာ မျက်စိတစ်ဖက်တည်း၌ ခံစားရခြင်းဖြစ်ပြီး နာကျင်ကိုက်ခဲမှုတိုး၍တိုး၍ ခံစားရခြင်း၊ ချက်ချင်းရုတ်တရက် မှုန်ဝါးသွားခြင်း၊ ပြင်းထန်စွာခေါင်းကိုက်ခြင်း၊ ပျို့ချင်အန်ချင်ဖြစ်ခြင်း၊ အစားစားချင်စိတ်မရှိခြင်း စသည်တို့ပါ ပေါ်ပေါက်လာတတ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် "နီကိုက်၊ မှုန်ပျို့ ရေတိမ်ဗျို့၊ မနေးအမြန်၊ ကုသရန်"ဟုပင် စာချိုးရှိပါသည်။ ဒုတိယအမျိုးအစားမှာ နီခြင်းကိုက်ခြင်းဝေဒနာများ မခံစားရဘဲ မသိမသာတိုး၍တိုး၍ မျက်စိမှုန်လာသော အမျိုးအစားဖြစ်သည်။ မသိမသာဖြစ်သောကြောင့် ကာယကံရှင်ကိုယ်တိုင်မသိနိုင်ပေ။ ❖

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှား-ယူကရိန်း ပဋိပက္ခသတင်းစုစည်းမှု



ဗြိတိန်နိုင်ငံသည် Nord Stream ဓာတ်ငွေ့ပိုက်လိုင်းများတွင် ပေါက်ကွဲမှုများကို ညွှန်ကြားခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့လုပ်ဆောင်ခဲ့ကြောင်း Kremlin ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ပြောကြားခဲ့သည်။

"ရုရှားသာမက နိုင်ငံတကာမှာပါ အရေးကြီးတဲ့ စွမ်းအင်အခြေခံအဆောက်အအုံတွေကို အကြမ်းဖက်တိုက်ခိုက်မှုမှာ ဗြိတိန်နိုင်ငံက ပါဝင်ပတ်သက်တယ်ဆိုတဲ့ အထောက်အထားတွေ ရှိပါတယ်"ဟု Dmitry Peskov က ဆိုသည်။

ကောက်ပဲသီးနှံ တင်ပို့ရေးအတွက် ကုလသမဂ္ဂညှိနှိုင်းရေးမှူးက ရုရှား၊ ယူကရိန်း၊ တူရကီတို့နှင့် ဆက်လက်ဆွေးနွေးနေကြောင်း သိရသည်။

ယူကရိန်းနိုင်ငံ Kherson ဒေသရှိ ရုရှားမှခန့်အပ်ထားသော အုပ်ချုပ်ရေးအရာရှိများက Dnipro မြစ်အရှေ့ဘက်ကမ်းမှ နိုင်ငံသားများကို စတင်ကယ်ဆယ်မည်ဟု ပြောကြားခဲ့သည်။ ယူကရိန်းဘက်ကလည်း Kakhovka ဆည်ကို တိုက်ခိုက်ရန်နှင့် ဒေသကိုရေလွှမ်းမိုးပစ်ရန်ပြင်ဆင်နေနိုင်သည်ဟု စွပ်စွဲချက်အပေါ် ထပ်တလဲလဲငြင်းဆိုထားသည်။

ယူကရိန်းတွင် တိုက်ပွဲဝင်ရန် အရန်တပ်များ တစ်စိတ်တစ်ပိုင်းစစ်စည်းရုံးခြင်းပြီးမြောက်မှု၏ တရားဝင်သမ္မတအမိန့်ကို ရုရှားနိုင်ငံက မလိုအပ်ဘဲထုတ်ပေးမည်မဟုတ်ဟု Dmitry Peskov က ပြောကြားလိုက်သည်။

ယူကရိန်းအခြေခံအဆောက်အအုံများကို ရုရှားက အောက်တိုဘာ ၃၁ ရက်က တိုက်ခိုက်မှုသည် ပင်လယ်နက်ရေတပ်စစ်ရေယာဉ်စုကို မောင်းသူမဲ့လေယာဉ်၊ ရေယာဉ်များနှင့် တိုက်ခိုက်ခဲ့ခြင်းအပေါ် တုံ့ပြန်သည့်အနေဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

"နောက်ဆက်တွဲလုပ်ဆောင်ချက်တွေ ထပ်လာနိုင်ပါတယ်။ ဒါက ကျွန်တော်တို့ လုပ်နိုင်သမျှတော့မဟုတ်ဘူး"ဟု ပူတင်က ထပ်လောင်းပြောကြားသည်။

ယူကရိန်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ရုရှားကို အဓိက စီးပွားရေးအင်အားကြီးနိုင်ငံ အုပ်စု ၂၀ မှ ဖယ်ထုတ်သင့်ပြီး လာမည့်လတွင် ဘာလီ၌ကျင်းပမည့် G20 ထိပ်သီးဆွေးနွေးပွဲသို့ ဗလာဒီမာပူတင်အား ဖိတ်ကြားချက်ကို ရုပ်သိမ်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းတောင်ပိုင်း ဆိပ်ကမ်းမြို့ Mykolaiv သို့ ညတွင်းချင်း ဒုံးကျည်လေးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တိုက်ခန်းတစ်ခန်းပြိုကျခဲ့ပြီး ဒေသခံတစ်ဦး သေဆုံးခဲ့သည်။ မြို့တော်ကိယက်ဗ်အပါအဝင် မြို့အများအပြားတွင် ဒုံးကျည်များဖြင့် ပစ်လွှတ်တိုက်ခိုက်ပြီး နောက်တစ်နေ့တွင် ထပ်မံတိုက်ခိုက်ခြင်းဖြစ်သည်။

ဖင်လန်ဝန်ကြီးချုပ် Sanna Marin က ဆွီဒင်နှင့် ဖင်လန်နိုင်ငံတို့၏ NATO လျှောက်လွှာများကို အချိန်စော၍အတည်ပြုရန် ဟန်ဂေရီနှင့် တူရကီနိုင်ငံတို့ကို တိုက်တွန်းခဲ့သည်။

ဂျာမနီအဓိပတိ Olaf Scholz က ယူကရိန်းသမ္မတ Volodymyr Zelenskyy ကို ဘာလင်အနေဖြင့် ကိယက်ဗ်ကို နိုင်ငံရေး၊ ဘဏ္ဍာရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် စစ်ရေးဆိုင်ရာပံ့ပိုးမှုများ ဆက်လက်ပံ့ပိုးပေးမည်ဟု ဖုန်းခေါ်ဆိုမှုတွင် အာမခံပြောကြားခဲ့သည်။

ရေဒီယိုသတ္တိကြွဗုံး ထုတ်လုပ်အသုံးပြုနိုင်ဖွယ်ရှိနေသည်ဟု ရုရှားစွပ်စွဲချက်များကို ဖြေရှင်းရန် ကိယက်ဗ်၏ တောင်းဆိုချက်အရ ယူကရိန်းရှိ နျူကလီးယားနေရာနှစ်ခုကို ကုလသမဂ္ဂ အဏုမြူစောင့်ကြည့်ရေးအဖွဲ့က စတင်စစ်ဆေးနေပြီဖြစ်သည်။

**Ukraine conflict – day 251: Grain ships leave Ukrainian ports; Russia accuses UK of sabotage ကို ဘာသာပြန်ဆိုထားပါသည်။**

## NATO က စစ်လက်နက်များပေးပို့မှုကို စောင့်ကြည့်မည့် အမေရိကန်တပ်ဖွဲ့ဝင်များ ယူကရိန်းနိုင်ငံသို့ ရောက်ရှိနေ

ယူကရိန်းနိုင်ငံသို့ NATO က စစ်လက်နက်များပေးပို့မှုကို စောင့်ကြည့်မည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ယခုအခါတွင် ယူကရိန်းနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အမည်မဖော်လိုသည့် ပင်တဂွန်စစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၃၁ ရက်က အမေရိကန်မီဒီယာတချို့ကို ပြောကြားခဲ့သည်။

တပ်ဖွဲ့ဝင်မည်မျှပါဝင်သည် သို့မဟုတ် မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို ရှင်းရှင်းလင်းလင်းမသိရှိရသေးပေ။

Associated Press ၊ NBC News မှ သတင်းထောက်များ၊ ပင်တဂွန်သတင်းစာတိုက်မှ အခြားအဖွဲ့ဝင်များနှင့် ပြောဆိုရာတွင် တပ်ဖွဲ့ဝင်များကို ယူကရိန်းနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူး ဗိုလ်မှူးချုပ် Garrick Harmon က ဦးဆောင်နေကြောင်း တာဝန်ရှိသူက ပြောကြားခဲ့သည်။

"ဒီစစ်ဆေးမှုတွေ အများအပြားရှိခဲ့ပါတယ်"ဟု အရာရှိက သတင်းထောက်များကို စစ်ဆေးမှုများပြုလုပ်နေသည့်နေရာကို မဖော်ပြဘဲ ပြောကြားခဲ့သည်။

စစ်ဆေးမှုများသည် ရှေ့တန်းနှင့်မနီးဘဲ လုံခြုံရေးအခြေအနေများအရခွင့်ပြုသည့်နေရာတွင် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု အဆိုပါအရာရှိက ထပ်လောင်းပြောကြားခဲ့သည်။

ဖေဖော်ဝါရီလတွင် ရုရှား၏ အထူးစစ်ဆင်ရေးမစတင်မီ ယူကရိန်းသို့ အမေရိကန်က ၎င်း၏ လက်နက်များတင်ပို့မှုကို စစ်ဆေးခဲ့သော်လည်း မစတင်မီ ရက်ပိုင်းအလိုတွင် စစ်ဆေးရေးတပ်ဖွဲ့ဝင်များကို နိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့ဖူးသည်။

တပ်ဖွဲ့ဝင် မည်မျှပြန်လာသည် သို့မဟုတ် စစ်ဆေးမှုများ မည်သည့်အချိန်တွင် ပြန်လည်စတင်ခဲ့သည်တို့ကို ရှင်းရှင်းလင်းလင်းမသိရှိနိုင်ပေ။

ပင်တဂွန်စစ်ဌာနချုပ်မှ အရာရှိက တပ်ဖွဲ့ဝင်အရေအတွက် အနည်းငယ်ပါဝင်ဖွဲ့စည်းထားသည်ဟုသာ ပြောနိုင်မည်ဖြစ်ကြောင်း ဆိုသည်။

ယူကရိန်းအစိုးရကို အမေရိကန်လုံခြုံရေးအကူအညီများ ကိုင်တွယ်ရာတွင် ကူညီရန် တပ်ဖွဲ့ဝင်(ဝန်ထမ်း)များကို ခွဲဝေပေးမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြီးခဲ့သည့်သီတင်းပတ်က ကြေညာခဲ့သော်လည်း အဆိုပါဝန်ထမ်းများကို စစ်ဘက်၏ တပ်ရင်း၊ တပ်ဖွဲ့များမှဆွဲထုတ်မည်ဟု ဖော်ပြထားခြင်းမရှိပေ။ အမေရိကန် ထောက်လှမ်းရေးအေဂျင်စီများကို ကိုးကားပြီး ယူကရိန်းထံပေးပို့သည့် စစ်လက်နက်များကို ဝါရှင်တန်အနေဖြင့် ခြေရာခံ၍မရနိုင်ဟု အမေရိကန်နိုင်ငံမီဒီယာများက ဖော်ပြပြီးနောက် ဤအစီအစဉ်ကို ကြေညာခဲ့ခြင်းလည်းဖြစ်သည်။

ထောက်လှမ်းရေး သတင်းရင်းမြစ်တစ်ခုက အဆိုပါလက်နက်များသည် ယူကရိန်းနိုင်ငံထဲသို့ ဝင်ရောက်ပြီးသည်နှင့် တွင်းနက်ကြီးထဲကျသွားသည့်အလား ပျောက်ကွယ်သွားကြောင်း CNN သတင်းဌာနသို့ ဧပြီလအတွင်းက ပြောကြားခဲ့သည်။



Kiev သည် ပွင့်လင်းမြင်သာမှုရှိသည်ဟုဆိုလျက် ယခုအချိန်ထိ စစ်ဆေးရေးမှူးများနှင့် ပူးပေါင်းလုပ်ဆောင်နေသည်ဟု အမည်မသိ ပင်တဂွန်အရာရှိက သတင်းထောက်များကို ပြောကြားခဲ့သည်။

ယူကရိန်းမှာ အမေရိကန်ဗော်လန်တီယာစစ်သားများ ၎င်းတို့သဘောတူညီချက်အရ တိုက်ပွဲဝင်ပြီးသေဆုံးနေကြချိန် အောက်တိုဘာ ၃၁ ကြေညာချက်သည် ယူကရိန်းနိုင်ငံအတွင်း၌ စစ်ယူနီဖောင်းဝတ်တပ်ဖွဲ့ဝင်များရောက်ရှိနေသည်ကို ဝါရှင်တန်က အသိအမှတ်ပြုထုတ်ပြန်ခဲ့ခြင်းသည် ဖေဖော်ဝါရီလနောက်ပိုင်းပထမဆုံးအကြိမ်လည်းဖြစ်သည်။ ကြေညာချက်မထုတ်ပြန်မီကတည်းက အစောပိုင်းကာလများ၌ပင် ရုရှားသမ္မတဗလာဒီမာပူတင်က အမေရိကန်နှင့် ၎င်း၏ NATO မဟာမိတ်များပဋိပက္ခတွင် ပါဝင်ခြင်းမပြုရန်သတိပေးခဲ့ပြီး ကရင်မလင်နန်းတော်က ယူကရိန်းရှိ အနောက်တိုင်းစစ်ယန္တရားကြီးတစ်ခုလုံးကို တိုက်ခိုက်နေခြင်းဖြစ်သည်ဟုရှုမြင်ကြောင်း ၎င်းက ပြောကြားခဲ့ပြီးဖြစ်သည်။

**US troops on the ground in Ukraine – American media ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects progress of building Maravijaya Buddha Image



Senior General Min Aung Hlaing observes progress in building Mucalinda Lake.

**Nay Pyi Taw November 3**

As the Maravijaya Buddha Image is being carved, the park is being built and the Cetis of stone plaque chambers are being constructed in the Maravijaya Buddha Park in Dekkhikathiri Township of Nay Pyi Taw in Union Territory, leading well-wisher Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing inspected the progress of the construction this afternoon.

At the briefing hall, the Senior General, SAC Joint Secretary Lt-Gen Ye Win Oo, Union ministers and senior military officers heard reports on placing positions for the Buddha image and conveyance of the image onto the throne by Lt-Gen Kan Myint Than of the Office of the Commander-in-Chief (Army), growing of trees and floweryplants for greening the park, construction of the religious edifices and progress of tasks by Lt-Gen Kyaw Swa Lin, and carving of Pitakat treatise literature of the 6th Buddhist Synod in Pali and Romanize Languages on the marble stones with the advice of venerable Sayadaws, and collection of donated cash by Lt-Gen Nyo Saw respectively.

With regard to the construction task of the image, The Senior General instructed officials to systematically carry out greening tasks for environment and other measures as now is open season.

The Senior General and party sought the advice from venerable Sayadaws and viewed the video clip on construction of the Buddha image, carving of the Pitakat treatise literature and building of Cetis of stone plaque chambers. They also viewed scale models of the buildings and sample Pitakat treatise book printed in Pali and Romanize languages to be published to monasteries across the world.


Senior General Min Aung Hlaing hears report on progress in implementing the Maravijaya Buddha Image project.

The Senior General and party viewed round progress of the Buddha image and the throne, completion of building the retaining walls,

*See Page 14*


Senior General Min Aung Hlaing inspects the scale model of the Maravijaya Buddha Image project.


Senior General Min Aung Hlaing inspects Pitaka-treatises.

# Families of Office of Commander-in-Chief (Army, Navy and Air) holds 12th communal kathina ceremony



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla share the merits gained.

**Nay Pyi Taw November 3**

Families of Office of Commander-in-Chief (Army, Navy and Air) held the 12th communal kathina ceremony at Anawratha Hall of the Office this morning, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla who donated kathina robes and offertories.

Present were 27 Sayadaws led by Ovadacariya of Uppatasanti Pagoda Patron of Paukmyaing Monastery, Leway, Nay Pyi Taw, Sayadaw Abhidhaja Maha Rattha Guru Bhaddanta Janinda, Patron of Pali Tekkatho Mingalazayyon Monastery, Pyinmana, Agga Maha Pandita Agga Maha Saddhamma Jotikadhaja Bhaddanta Vimalabuddhi. The Senior General and wife were accompanied by SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, senior military officers from Office of Commander-in-Chief and their wives and officials.

First, the Senior General and wife led the congregation in looking around the displayed kathina robes,

*See Page 14*



Senior General Min Aung Hlaing observes kathina robes and offertories.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present kathina robes and offertories to a Sayadaw.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla serving day meal to Sayadaws.



Senior General Min Aung Hlaing observes kathina robes and offertories.


Admiral Tin Aung San and wife present kathina robes and offertories to a Sayadaw.


Lt-Gen Yar Pyae and wife present kathina robes and offertories to a Sayadaw.

*From Page 13*

offertories and offerings hung on tree-shaped stands to be donated to the respective monasteries. The Senior General and wife paid obeisance to the Buddha Image in the Anawratha Hall and offered meals in the emerald bowl, flowers, water, lights and fruits.

Then Namotassa was recited three times to open the ceremony. The congregation received the Nine Precepts from Paukmyaing Monastery Sayadaw.

Sayadaws recited Parittas. The Senior General and wife presented kathina robes to Patron of Yezin KanU Monastery in Zeyathiri Township, Nay Pyi Taw, Sayadaw Agga Maha Gandavacaka Pandita Bhaddanta Vilasa, and kathina robes and offertories to Paukmyaing Monastery Sayadaw.

The Vice-Senior General and wife presented kathina robes and offertories to Mingalazayyon Monastery Sayadaw, and senior military officers and their wives, to Sayadaws.

Ashin Vayama and Ashin Javana, Ganavcaka lecturer Sayadaws of Yezin KanU Monastery, conducted a question-and-answer session on kathina.

Mingalazayyon Monastery Sayadaw delivered a sermon. The congregation shared the merits gained.

The congregation led by the Senior General and wife recited Buddha sasanamciramtitatu to mark the conclusion of the ceremony in accord with the religious tradition and served day meal for Sayadaws led by Mingalazayyon Monastery Sayadaw.

At the ceremony, the relevant departments and offices donated offertories hung on 84 tree-shaped stands and over Ks 171.3 million which were sent to the relevant monasteries by cars. 100

*From Page 12*

construction of the the stone plaque chamber and further tasks, progress of Thudhamma public rest houses and building of Mucalinda Lake.

Maravijaya Buddha Image is being built with the aim of **showing firmly flourishing of Theravada Buddhism in Myanmar to the world, ensuring the country peaceful and tranquil, developing the region wit the visits of local and foreign travellers to the Buddha image and contributing to he development of the State**. The marble rock was checked by X-ray in 2018 to know the possible measures, volume and faults, and the measures to carve the enight of the image and throne were estimated. The marble rocks were conveyed from Sagyin Hill in Madaya Township to Sameikkhon Port by shipping and then to Nay Pyi Taw by modular trailers along the Mandalay-Yangon Expressway amid the difficulties. On arrival at Nay Pyi Taw, the marble rocks are being carved in advanced technology wih the use of CNC machine by experts day and night.

Many religious edifices including the Sasana Beikman which can accommodate 1,200 members of the Sangha and laypersons at the religious ceremonies are being constructed in the compound of the Buddha park while the Buddha image is being carved. According to the advice of venerable Sayadaws, Pitakat treatise literature in line with the 6th Budhdist Synod are being carved on the marble slabs in Pali and Romanize languags with the use of modern machinery to enable the world to know the treatises. The carved Tri Pitakat treatise of the Lord Buddha and Atthakatha Tika treatises are posted in front of the **Buddha image for enablingthe pilgims to know these treatises in the stone plaque chamber while visiting the Buddha image. Upon completion of the Buddha image, it would be the largest and highest carved marble sitting Buddha statue not only in Myanmar but in the global countries**. 100

# Avocado from southern townships of Shan State exported to Thailand via Tachilek

**Tachilek November 3**

Export of avocado produced by southern townships in Shan State started to Thailand via Tachilek, according to Kanbawza Trade Centre on 31 October 2022.

More than 4,000 growers cultivate avocado plants on over 20,000 acres of land across the nation.

Avocado plants scatter in Shan State, Chin State, Mandalay and upper Sagaing regions.

Local growers use domestic species of avocado plants as well as Hass, Bacon, Fuerte, LambHass, Reed and Zutano species imported from California of the United States. This year, these plants were placed on some 15,000 acres of land. The fruits are picked out from October to January.

Hass fruits are exported to foreign countries as well as major cities such as Yangon and Mandalay with the good packaging system.

At domestic market, avocado is sold at K500 to K1,000 per viss. Some exporters send the fruits to Thailand via brokerages in Tachilek. Depending on quality and sizes, avocado is sold at K3,000 to K5,000 per kilo.

In 2020-21 fiscal year, 2,383.74 tons of avocado exportation earned US$0.562 million from Thailand.

At present, local growers and Myanmar Avocado Association have sought Myanmar and international GAP for the fruits to be exported and showcase the fruits at international expos.

336

# Maize exporter companies of Myanmar posted on GACC website

**Yangon November 3**

The Ministry of Agriculture, Livestock and Irrigation stated that Myanmar companies to export maize seeds to China are posted on the website of GACC of China.

The Ministry of Agriculture, Livestock and Irrigation has signed the agreements with the General Administration of Customs of the People's Republic of China-GACC on health of maize plants on 31 January 2022.

According to the agreement, Myanmar's maize seeds are exported to China for milling but for cultivation.

Officials from Agriculture Department, Consumer Affairs Department, Myanmar Trade Promotion Organization, MITS, UMFCCI, Myanmar Beans, Maize and Sesame Merchants Association, and Myanmar Corn Industrial Association systematically scritinize applications of companies to export maize to China.

A total of 143 companies submitted the applications for exportation. Officials inspected warehouses and dryers, sundried grounds and other facilities of applicants.

Moreover, officials inspected storage of raw materials and finished goods, and heatth and personal hygyene of workers.

The applications of scrutinized companied were sent to China for seeking the chances for registration at GACC of China via Ministry of Foreign Affairs.

So far, GACC mentions 133 warehouses and 59 dryers of 112 companies on its website http://www.customs.gov.cn/.../3995819/ls/3997385/index.html.

336

# Vice Chairman of State Administration Council Deputy Prime Minister Vice Senior General Soe Win delivers address at Scrutiny Committee Meeting on Conferring Honorary Titles, Medals for 2023


Vice-Senior General Soe Win delivers address at the meeting.

**Nay Pyi Taw November 3**

The Scrutiny Committee Meeting on Conferring Honorary Titles and Medals for 2023 was held at the meeting hall of the Office of the Chairman of the State Administration Council at 2 pm today and Patron of the committee Vice Chairman of State Administration Council Deputy Prime Minister Vice Senior General Soe Win delivered an address at the meeting.

Also present at the meeting were members of the committee union ministers and deputy ministers, senior officers from the Office of the Commander-in-Chief of Defence Services and officials.

First, the Vice Senior General delivered an address, saying, "As scrutinizing tasks will be carried out to confer 12 categories of honorary titles and medals on public employees including personnel of the Tatmadaw and member of the police who made special contributions to building a peaceful and modern country or risked life and limb bravely without taking self-interest into consideration in performing duties for the stability and the rule of law, responsible officials are required to scrutinize those who deserve them systematically and submit the lists to the committee. The government will confer 12 categories of honorary titles and medals on individuals who perform their duties with relentless efforts, perseverance and diligence in various sectors in nation building, national leaders, diplomats and individuals from foreign countries who exerted efforts to cooperate with the government in a friendly manner, individuals who made special contributions to tranquility of communities, the rule of law and building a modern country in accordance with the political, economic and social objectives of the State, scholars in science, arts and other disciplines who made innovations that meet international standards, outstanding authors and artistes in literature and fine arts, individuals who made relentless performance by leading the respective sectors for building a modern and prosperous nation and individuals who made special contributions to development of the nation and human resources by applying respective academic subjects. To do so, preliminary scrutiny committees and the scrutiny committee will carry out scrutinizing tasks phase by phase and the SAC will confer the titles and medals on winners by issuing notifications on special occasions before and on the Diamond Jubilee of the Independence Day on 4 January, 2023.

Scrutiny processes will be conducted to present honorary titles and medals to persons, Tatmadaw members, Myanmar Police Force members and awards on civil servants who deserve to be honoured for their exceptional contribution to the State and civil servants who sacrificed life and wounded in discharging duties as well as Myanmar Police Force's courageous and performance medals to those who performed duties without being considerate towards their life. Moreover, similar scrutiny measures will be conducted to present 12 categories of performance titles to civil servants, who made outstanding performance in sector-wise duties over the one-year period of 2022, in accordance with the 2009 and 2014 provisions for honorary titles and medals.

At the meeting today, decisions on titles and medals made at the meeting of the preliminary scrutinizing team will be scrutinized once again for a decision and the decision will be submitted to the Union Government's cabinet meeting to be able to present titles and medals in accordance with the decision.

In accordance with the Mingalar Dhamma, the State will act for honouring those who deserve to be honoured and awarding those who deserve to be awarded. At a time when the State is being aggressively pressured from all sides, scrutiny measures will be taken in order that civil servants and security personnel, who sacrificed life in discharging duties of the State, were not left forgotten.

Regarding the matters on presenting titles and medals on the forthcoming Diamond Jubilee Independence Day which falls on January 4, 2023, it is set for the first time to present titles and medals including one Sithu title, nine Thiripyanchi titles, five Zeya Kyaw Htin titles, 45 Wunna Kyaw Htin titles to 880 persons on March 27. For the second time, honorary titles, courageous performance medals were announced on April 17, 2022, the Myanmar New Year day. In that announcement, it has been already mentioned that a total of 146 persons will be presented titles including three orders of Agga Maha Thiri Thudhamma, two orders of Thadoe Thiri Thudhamma, five orders of Agga Maha Thray Sithu and five orders of Thado Maha Thray Sithu at the State level ceremony on the Diamond Jubilee Independence Day. These scrutiny measures to be done once again are for the persons who remain deserved to be honoured.

All are urged to participate in the coordination meeting in order that the persons to be honoured by the State will be the ones having the ability to be proud in their descendance.

Afterwards, Secretary of the Scrutiny Committee Deputy Minister for Home Affairs Maj-Gen Soe Tint Naing briefed on scrutiny measures taken for presenting honorary titles and medals and Police Adjutant-General of Myanmar Police Force Police Brig-Gen Win Tun on measures taken to present Myanmar Police Force's honorary medals on courage and performance.

Union ministers, deputy ministers and officials also briefed on presenting honorary titles to persons who made outstanding performance over the one year of 2022 and presenting Tatmadaw's honorary medals on courage and performance.

Later, the Vice-Senior General made coordination on the reports and gave concluding remarks.

100

# Over US$230 million earned from exporting green gram until 14 October this fiscal year

**Nay Pyi Taw November 3**

Myanmar earned more than US$230 million from exporting green gram until 14 October in the current 2022-2023 financial year, according to sources from the Ministry of Commerce.

Green gram or mung bean is mainly exported to India, which also buys from Mozambique. Last month, India imported up to 20,000 tons of green gram from Mozambique. This is why Myanmar has to compete against that country to acquire a market. Green gram produced from Myanmar has to rely solely on India for exports.

Currently, India is also growing and producing green gram. However, Myanmar earned US$232.646 million from green gram exports until 14 October this fiscal year.

From 1 April 2022 to 14 October this fiscal, the total export value of green gram was US$232.646 million—US$225.530 million via maritime routes and US$7.116 million via border routes.

During the period, over 20 kinds of beans and pulses were exported to customer countries and green gram was the second largest volume in exports.

India eyes Myanmar's green gram market because the latter's quality can compete against that of Mozambique while India's crop is inferior in quality. Thus, Indian demand for Myanmar's green gram is likely to increase. In the local market, one ton of green gram is worth over K1.8 million. 336

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပင့်ဆောင်ခြင်း၊ ပင့်တင်ခြင်းနှင့် ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခြင်းများ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဉယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ခြင်း၊ ဉယျာဉ်တော် တည်ဆောက်ခြင်းနှင့် ကျောက်စာရုံစေတီများ တည်ထားကိုးကွယ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတိုးတက်မှုအခြေအနေများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများကို ရှင်းလင်းဆောင်ရွက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပင့်ဆောင်ခြင်း၊ ပင့်တင်ခြင်းနှင့် ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခြင်းများဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓဉယျာဉ်တော်ကြီးအတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစောက ဆဋ္ဌသင်္ဂါယနာမှ ပိဋကတ်ကျမ်းစာတော်များကို ဆရာတော်ကြီးများ၏ လမ်းညွှန်ဩဝါဒများ ခံယူပြီး အဆင့်ဆင့်စိစစ်၍ စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရေးထိုးပူဇော်လျက်ရှိသည့်အခြေအနေများနှင့် အလှူငွေကောက်ခံရရှိမှုအခြေအနေများကိုလည်းကောင်းအသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ ပတ်ဝန်းကျင်စိမ်းလန်းသာယာမှုဆောင်ရွက်ရေးနှင့် လုပ်ဆောင်ရန်ကိစ္စရပ်များ စနစ်တကျ တွက်ချက်ဆောင်ရွက်ရန် အသေးစိတ်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိမှု၊ ပိဋကတ်ကျမ်းစာတော်များ ရေးထိုးပူဇော်နေမှုနှင့် ကျောက်စာရုံများတည်ဆောက်နေမှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။ ၎င်းနောက် ခင်းကျင်းပြသထားသောအဆောက်အအုံပုံစံငယ်များနှင့် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက် ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားသော ပိဋကတ်ကျမ်းစာအုပ်နမူနာများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၉ သို့**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်စာရုံများတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းတိုးတက်မှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေပေးရန်အတွက် ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့်ရိုက်နှိပ်ထားသော ပိဋကတ်ကျမ်းစာအုပ်နမူနာများကို ကြည့်ရှုစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသော အဆောက်အအုံပုံစံငယ်များကို ကြည့်ရှုစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ချောင်းဖြောင့်မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ကျောက်စာရုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု၊ သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှုနှင့် မုစလိန္ဒအိုင် တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ရှိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည် အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်** စသည့်ရည်ရွယ်ချက် လေးရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စကျင်ကျောက်တော်ကြီးမှတွေ့ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာရှိမှုများကို သိရှိနိုင်ရန် X-Ray ရိုက်စမ်းသပ်စစ်ဆေးခဲ့ကာ ဉာဏ်တော်နှင့် ပလ္လင်တော်များ ထုဆစ်ရရှိနိုင်မည့် အခြေအနေများကို လေ့လာတွက်ချက်ခဲ့ကြောင်း၊ ထို့နောက် စကျင်ကျောက်တော်ကြီးတည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ ဆီမီးခုံဆိပ်ကမ်းထိ ရေလမ်းကြောင်းဖြင့်လည်းကောင်း၊ ၎င်းမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း နေပြည်တော်သို့ Modular Trailer များဖြင့်လည်းကောင်း အခက်အခဲများစွာကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နေပြည်တော်သို့ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့်ပုံဖော်ထုဆစ်ခြင်း လုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် **စာမျက်နှာ ၂၀ သို့**



ကျောက်စာရုံစေတီများ တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။



၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကျောက်စာရုံ စေတီများ တည်ဆောက် ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။



၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ကျောက်စာရုံ စေတီများ တည်ဆောက် ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။



၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ရင်ပြင်တော်ရှိ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။



၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ရင်ပြင်တော်ရှိ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။



၂၀၂၂ ခုနှစ် ဩဂုတ်လတွင် မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား တည်ဆောက် ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။



၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား တည်ဆောက် ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။



၂၀၂၂ ခုနှစ် ဩဂုတ် ၅ ရက်တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တည်ဆောက် ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တည်ဆောက် ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

စာမျက်နှာ ၁၉ မှအဆက်

နေ့မအား၊ ညမနားကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့်နည်းတူ ဗုဒ္ဓဥယျာဉ်တော်ကြီး အတွင်း သာသနာရေးဆိုင်ရာအခမ်းအနားကြီးများကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီးအပါအဝင် အခြားသော သာသနိကအဆောက်အအုံများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့ပြင် ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာကျမ်းစာများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ ၌ စိုက်ထူပူဇော်လျက်ရှိပြီး ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယခု တည်ထားကိုးကွယ်လျက်ရှိသည့် **"မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး"**ကို တည်ထားကိုးကွယ်ပြီးစီးပါက **မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်ဖြစ်**ကြောင်း သတင်းရရှိသည်။



၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကျောင်းဆောင်တော် တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။



၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ကျောင်းဆောင်တော် တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန်စိစစ်ရေးအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်အတွက် ထူးကဲစွာ အကျိုးဆောင်သူများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်ရာတွင် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ အသက်ခန္ဓာစွန့်လွှတ်ပြီး ရဲရဲရင့်စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် ၁၂ မျိုးချီးမြှင့်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စိစစ်တင်ပြပေးရန်လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ဆောက်ရာတွင် ကဏ္ဍပေါင်းစုံမှ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ နိုင်ငံ့ခေါင်းဆောင်များ၊ သံတမန်များနှင့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်ကျွမ်းကျင်သူပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကိုလည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်နှင့်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသည့်ပုဂ္ဂိုလ်များကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ၁၂ မျိုး ချီးမြှင့်မည်ဖြစ်ကြောင်း၊ ထိုသို့ချီးမြှင့်ရာတွင် ချီးမြှင့်အပ်နှင်းနိုင်ရေး "ပဏာမစိစစ်ရေးအဖွဲ့များ" နှင့် "စိစစ်ရေးအဖွဲ့"တို့က အဆင့်ဆင့်စိစစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် စိန်ရတုလွတ်လပ်ရေးနေ့နှင့် ၎င်းနေ့မတိုင်မီ နေ့ကြီးရက်ကြီးများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာ ထုတ်ပြန်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကို ထူးကဲစွာအကျိုးပြုသော ဂုဏ်ပြုချီးမြှင့်ထိုက်သူ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်နိုင်ရေးအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံး၊ ကျဆုံးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၊ မိမိ၏အသက်အန္တရာယ်ကိုမငဲ့ကွက်ဘဲ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများကိုလည်း စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ် ၁၂ မျိုး ချီးမြှင့်နိုင်ရေးအတွက် ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၁၄ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်တို့နှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးတွင် ပဏာမစိစစ်ရေးအဖွဲ့အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ထပ်မံစိစစ်ပြီး စိစစ်ရေးအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ဂုဏ်ပြုချီးမြှင့်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုခြင်းနှင့် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခြင်းတို့ကို မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံကို အဘက်ဘက်မှ ရန်လိုဖိအားပေးလုပ်နေသည့်ကာလအတွင်း နိုင်ငံ၏တာဝန်များကို ကျရာကဏ္ဍများမှ ထူးကဲစွာအသက်ပေးဆောင်ရွက်ကြသော နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မကျန်ရှိစေရန်လည်း စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ချီးမြှင့်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် မတ် ၂၇ ရက်တွင် ပထမအကြိမ်အဖြစ် စည်သူဘွဲ့ တစ်ဦး၊ သီရိပျံချီဘွဲ့ ကိုးဦး၊ ဇေယျကျော်ထင်ဘွဲ့ ငါးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၄၅ ဦးအပါအဝင် စုစုပေါင်းဦးရေ ၈၈၀ ကို ချီးမြှင့်ရန်သတ်မှတ်ထားကြောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်တွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ၊ စွမ်းရည်သတ္တိဆိုင်ရာများကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါထုတ်ပြန်ကြေညာချက်တွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ သုံးဦး၊ သတိုးသီရိသုဓမ္မဘွဲ့ နှစ်ဦး၊ အဂ္ဂမဟာသရေစည်သူဘွဲ့ ငါးဦး၊ သတိုးမဟာသရေစည်သူဘွဲ့ ငါးဦး အပါအဝင် စုစုပေါင်း ၁၄၆ ဦးကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ချီးမြှင့်နိုင်ရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ ယခုထပ်မံ၍ ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူ၊ မြှောက်စားသင့်မြှောက်စားထိုက်သူများမှ ကျန်ရှိသူများကို ထပ်မံစိစစ်ခြင်းဖြစ်ကြောင်း ။

နိုင်ငံတော်က ချီးမြှင့်အပ်နှင်းခံရမည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းသည် သားစဉ်မြေးဆက်ဂုဏ်ယူဝင့်ကြွားနိုင်သော ထိုက်တန်သည့်စွမ်းဆောင်ရည်များကိုသာ ချီးမြှင့်ခံရခြင်းမျိုးဖြစ်စေရန် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိစစ်ရေးအဖွဲ့အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်ခဲ့သည့် ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

# ဝေဘာဂီအထူးကုဆေးရုံကြီး အဆင့်မီဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ဝေဘာဂီအထူးကုဆေးရုံကြီး ဆေးကုသဆောင်သစ်အားဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီအထူးကုဆေးရုံကြီး ဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ အလှူရှင် AW Foundation မှ ဥက္ကဋ္ဌနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးကုသဆောင်သစ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် အလှူရှင် AW Foundation မှ ဥက္ကဋ္ဌ ဦးသောင်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဖွင့်ပွဲအထိမ်းအမှတ်ကျောက်ပြားကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကုသဆောင်သစ် ကျောက်ပြားကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး အဆောက်အအုံသစ်အတွင်း မြေညီထပ်ရှိ သီးသန့်ကူးစက်လူနာခန်းများကိုလည်းကောင်း၊ အောက်ဆီဂျင်စက်ရုံ၊ 800 KVA Transformer၊ မီးစက်၊ ရေသန့်စင်စက်တို့ကိုလည်းကောင်း၊ ကုသဆောင်သစ် ပထမထပ်ရှိ အထူးကြပ်မတ်ကုသခန်းများ၊ ဒုတိယထပ်ရှိ အောက်ဆီဂျင်ပေး၍ ကြီးကြပ်ကုသနိုင်သည့် လူနာခန်းများနှင့် ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားမဏ္ဍပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ကုသဆောင်သစ်၌ ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်သည့် အထူးလေဖိအားစနစ် တပ်ဆင်ထားသည့်အခန်းများ၊ လူနာများကို ၂၄ နာရီ စောင့်ကြပ်ကြည့်ရှုနိုင်သည့် စနစ်များပါဝင်သော နိုင်ငံတကာအဆင့်မီ ကုသခန်းများ၊ ခွဲစိတ်ခန်းများပါဝင်ပြီး ဝေဘာဂီ အထူးကုဆေးရုံကြီးကိုလည်း Infectious Disease Institute အဖြစ် ကုသရေးအပြင် သုတေသနနှင့် သင်ကြားရေးလုပ်ငန်းများပါ ဆောင်ရွက်နိုင်မည့် Center အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်မည့်အပြင် ရောဂါကူးစက်မှုအခြေအနေများကို လေ့လာ၍ သုတေသနပြုဆောင်ရွက်ရန် များစွာ အထောက်အကူ ရနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဝေဘာဂီအထူးကုဆေးရုံကြီး၏ ကုသဆောင်သစ်ကို ၂၀၂၁ခုနှစ် ဇန်နဝါရီတွင် စတင်တည်ဆောက်၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်တွင် ပြီးစီးခဲ့ပြီး ငွေကျပ် ၆၂၀၇၇၁၉၀၀၀ အကုန်အကျ ခံကာ AW Foundation က တစ်ဦးတည်းအလှူရှင် အဖြစ် လှူဒါန်းခဲ့ကြောင်းသိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေး ဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ AW Foundation ဥက္ကဋ္ဌ ဦးသောင်းကြိုင်က Foundation ဖြစ်ပေါ်လာပုံနှင့် အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် AW Foundation ဥက္ကဋ္ဌက အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ မှတ်တမ်းများကို ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးထံသို့ လွှဲပြောင်းပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်က AW Foundation သို့ အမှတ်တရ ပန်းခြင်းလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ ခုနစ်ထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး အတွင်းရေးမှူးက စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တည်ဆောက်ရေးတို့ကိုမှာကြားပြီး မကြာမီဖွင့်လှစ်တော့မည့် ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးရောဂါ အထူးကုဆေးရုံကြီး၊ တိုးချဲ့ ငါးထပ်ဆောင်သစ် တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



ဧရာဝတီတိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုလင်းအောင် ကျိုက်လတ်တပ်နယ် နယ်မြေခံသင်တန်းကျောင်း၌ အရာရှိ၊ စစ်သည်များနှင့် အတူတကွ နေ့လယ်စာသုံးဆောင်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကိုလမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ အရာရှိ၊ စစ်သည်များနှင့်အတူ လက်ရည်တစ်ပြင်တည်း နေ့လယ်စာအတူတကွ သုံးဆောင်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ဧရာဝတီတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း၊တပ်ဖွဲ့များနှင့်နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

---

❑ **၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲမှ**

နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အကောင်းဆုံးဂိုးသမားဆု၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အကောင်းဆုံး နောက်တန်း ကစားသမားဆု၊ အကောင်းဆုံး အလယ်တန်းကစားသမားဆု၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးက အကောင်းဆုံး ရှေ့တန်းကစားသမားဆု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆု၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က စတုတ္ထဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းက တတိယရရှိသည့် တနင်္သာရီတိုင်းဒေသကြီး အသင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းကို တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဖိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(19th ASEAN Air Chiefs Conference-19th AACC) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ထွက်ခွာ



(၁၉)ကြိမ်မြောက်အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး(19th ASEAN Air Chiefs Conference-19th AACC) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက်အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(19th ASEAN Air Chiefs Conference-19th AACC) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

# အကြိမ် (၃၀)မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၃**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။အဆိုပါအဖွဲ့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း၌ အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးသိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမားစုစုပေါင်း ၄၂ ဦးတို့ လိုက်ပါကြသည်။

အကြိမ် (၃၀)မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲ၌ မြန်မာ့တပ်မတော်မှ ပစ္စတိုအမျိုးသားအသင်း၊ ပစ္စတိုအမျိုးသမီးအသင်း၊ ကာဘိုင်အမျိုးသားအသင်း၊ ရိုင်ဖယ်အမျိုးသားအသင်းနှင့် စက်သေနတ်အမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းကို ပို့ဆောင်နှုတ်ဆက်စဉ်။



# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးကို ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသည့် PDF အဖွဲ့ဝင်တစ်ဦးကို ၎င်း၏ မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့၊ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကိုပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ရေတာရှည်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရေတာရှည်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရကထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## နိုဝင်ဘာ ၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၅ ဦးတွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၉၇၉၇ ခုကို စစ်ဆေး ပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၈၅ ဦးတွေ့ရှိပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၀၁၄ ဦး |
| သေဆုံးသူ | ၁၉၄၈၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၆၁၈၄ ဦး |

# ပြည်ကြီးတံခွန်မြို့နယ် ၅၄ လမ်းရှိ နေအိမ်တစ်အိမ်ကို ချိပ်ပိတ်ခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ဖြေကြား

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၅၄ လမ်းရှိ နေအိမ်တစ်အိမ်ကို ချိပ်ပိတ်ခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ ချိပ်ပိတ်ခဲ့သည့်နေအိမ်ဟာ ခရစ်ယာန်မိဘမဲ့ကလေးများကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် နေရာတစ်ခုဖြစ်တယ်လို့ သတင်းတွေမှာဖော်ပြနေတာတွေကို တွေ့မြင်နေရပါတယ်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလိုဖြေကြားထားပါတယ်-

“မနေ့က ည ၈ နာရီလောက်မှာ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စလုံးရပ်ကွက်၊ ၅၄ (ဘီ)လမ်း၊ ၁၂၅ ၁၂၆ လမ်းကြားမှာရှိတဲ့ နေအိမ်တစ်အိမ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ သတင်းအရ ချိပ်ပိတ်စစ်ဆေးခဲ့ရတာရှိပါတယ်။ အဲ့ဒီမှာတော့ တချို့မီဒီယာတွေမှာ၊ တချို့က လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ဖော်ပြနေတာတွေ့ရတယ်။ အဲ့ဒါ ခရစ်ယာန်မိဘမဲ့ကလေးကျောင်းဖြစ်တယ် ဆိုပြီးတော့ ဖော်ပြနေတာဖြစ်ပါတယ်။ အဲ့ဒီသတင်းကတော့အမှားပါ။ မဟုတ်ပါဘူး။ နေအိမ်ပဲဖြစ်ပါတယ်။ နေအိမ်ပိုင်ရှင်ရှိတယ်။ အဲ့ဒီနေအိမ်ပိုင်ရှင်ကနေမှ အခုအိမ်ငှားထားတာရှိတယ်။ ဦးခင်မောင်အေး၊ ဒေါ်မေရီတို့က ဒီအိမ်ကိုငှားထားတယ်ဆိုတာသိရပါတယ်။ အိမ်ကိုချိပ်ပိတ်ရတဲ့အကြောင်းရင်းကတော့ မနှစ်က ၂၀၂၁ ခုနှစ် ဇွန်လ ၂၀ ရက် ပတ်ဝန်းကျင်လောက်က ကျွန်တော်တို့လည်းသတင်းထုတ်ပြန်ပြီးဖြစ်တယ်။ သပိတ်ကျင်းဘက်မှာ မန္တလေးက PDF အဖွဲ့ ဝေယံလင်း(ခေါ်) ထွန်းတောက်နိုင်ရဲ့အဖွဲ့ကို ကျွန်တော်တို့ ဖမ်းမိခဲ့တယ်။ လက်နက်တွေအမြောက်အမြားနဲ့ ကားပေါ်မှာမိခဲ့တာရှိတယ်။ သူ့ရဲ့ပြောချက်အရ သူတို့နဲ့ မန္တလေးတိုင်းဒေသကြီးထဲမှာရှိတဲ့ အကြမ်းဖက် PDF အဖွဲ့နဲ့ တချို့သော KIA အဖွဲ့ ပူးပေါင်းပြီးတော့ မန္တလေးမြို့ပေါ်မှာ အကြမ်းဖက်သင်တန်းတွေ ပေးဖို့၊ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတွေပေးဖို့အတွက် သူတို့အိမ်လေးလုံးငှားခဲ့တယ်။ ဒီအိမ်လေးလုံးကိုလည်း ကျွန်တော်တို့ သတင်းထုတ်ပြန်ပြီးဖြစ်တယ်။

အခုချိပ်ပိတ်လိုက်တဲ့အိမ်က အဲ့ဒီအိမ်လေးလုံးထဲမှာပါတဲ့ အိမ်တစ်အိမ်ဖြစ်တယ်။ အဲ့ဒီမှာတော့ အခြေပြုနေထိုင်တာမျိုးတော့ မတွေ့ခဲ့ရဘူး။ ယခုနောက်ပိုင်းမှာ ဒီအိမ်မှာအိမ်ငှားတွေနေပြီး ကျွန်တော်တို့ အခုချိတ်ပိတ်စစ်ဆေးတဲ့အခါမှာ ကလေးဆယ်ယောက်တွေ့ရတယ်။ သူတို့အိမ်ငှားတွေကိုမေးမြန်းချက်ထဲမှာ ဒါဟာမိဘမဲ့ကလေးတွေလို့ သူတို့ကပြောတာပဲ။ ကျွန်တော်တို့စစ်ဆေးနေဆဲပဲရှိသေးတယ်။ ဒီမသင်္ကာဖွယ်သတင်းရလို့ စစ်ဆေးတယ်။ စစ်ဆေးတဲ့အခါမှာ အဲ့လိုတွေ့ရတယ်။ အဲ့ဒီမှာ မိဘမဲ့ကလေးဂေဟာဖွင့်တယ်တို့၊ မိဘမဲ့ကလေးကျောင်းဖွင့်တယ်တို့ဆိုတဲ့ တရားဝင်မှတ်ပုံတင်ထားတာမျိုးမရှိဘူး။ သူတို့အစီအစဉ်နဲ့ သူတို့လုပ်နေတဲ့ပုံစံမျိုးကို တွေ့ရတယ်။ ပြီးရင် တချို့သောလူမှုကွန်ရက်စာမျက်နှာတွေမှာ အဲ့ဒီအိမ်မှာ ဆေးကုပေးနေတယ်တို့ ဘာတို့လည်း ကျွန်တော်တို့သတင်းကြားရတာမျိုးရှိတယ်။ ပြည်သူလူထုကိုဆေးကုပေးနေတယ်ဆိုတဲ့ အမည်ခံမျိုးလည်း ကျွန်တော်တို့တွေ့ထားတာဖြစ်တယ်။ သို့သော် ပြည်သူလူထုကိုဆေးကုပေးနေတဲ့ပုံစံမျိုးလည်းမရှိပါဘူး။ သို့သော် အကြမ်းဖက်အဖွဲ့တွေကို အဆက်အသွယ်တွေနဲ့ ဆေးကုပေးနေတဲ့ပုံစံမျိုးတော့ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါတွေကိုတော့ ကျွန်တော်တို့ စစ်ဆေးဆဲပဲဖြစ်ပါတယ်။

ကျွန်တော်ပြောချင်တာကတော့ စုံစမ်းစစ်ဆေးမှုတွေ ဆက်လက်ဆောင်ရွက်လျက်ပဲရှိသေးတယ်။ ဒီထွန်းတောက်နိုင်တို့အဖွဲ့နဲ့ ဆက်စပ်ပြီးတော့ လုပ်ခဲ့တဲ့အိမ်လည်းဖြစ်နေတယ်။ နောက်ထပ် မသင်္ကာစရာလည်းရှိတဲ့အတွက်ကြောင့် ဒါကြောင့်မို့ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သူတို့သတင်းလွှင့်နေတဲ့ ခရစ်ယာန်မိဘမဲ့ကလေးကျောင်းတို့ ဘာတို့ဆိုတာမဟုတ်ပါဘူး။ ဒါသည် ချိပ်ပိတ်လိုက်တဲ့အခါမှ လူမှုရေးအရရယ်၊ ဘာသာရေးအရရယ် နည်းနည်းလေး သတင်းပွလာအောင် လုပ်ဆောင်နေတဲ့ အနေအထားမျိုးဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီကလေးတွေနဲ့ပတ်သက်ပြီး မိဘမဲ့ကလေးတွေဟုတ်၊ မဟုတ်။ ဟုတ်ခဲ့ရင်လည်း ကျွန်တော်တို့က တရားဝင်မိဘမဲ့ဂေဟာထိကိုပို့နိုင်ဖို့ အစိုးရက တရားဝင်ဖွင့်လှစ်ထားတဲ့ လူမှုကူညီကယ်ဆယ်ရေး၊ စတဲ့ကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမှာ ကျွန်တော်တို့ ပြည်သူလူထုကိုပြောချင်တာကတော့ ဒီ PDF အကြမ်းဖက်အဖွဲ့ကို အထောက်အပံ့ပေးနေတဲ့ အဖွဲ့တွေအနေနဲ့ တစ်ခုခုအရေးယူတာတို့၊ သတင်းတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်တာမျိုးရှိရင် ပြည်သူလူထုကိုအထင်မှားအမြင်မှားအောင် လူမှုရေးအရ ဘာသာရေးအရ အထင်မှားအမြင်မှားအောင် သူတို့ဘက်က ကာဗာယူပြီး ဆောင်ရွက်နေတာမျိုးကိုတွေ့ရတယ်လို့ပဲ ကျွန်တော်ပြောချင်ပါတယ်”။




# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ထွက်ခွာ



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်း အပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဆိပ်ခံတံတား(သီလဝါ)မှ ထွက်ခွာရာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနှင့် ခွဲစိတ်ရောဂါများ ရှာဖွေစမ်းသပ်ကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အေးသာယာရပ်ကွက်နေ မိုးသွင်သာ(ခ)ခန့်ကိုကိုသည် ၎င်းအသုံးပြုသည့် “Khant Ko Ko” Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် အမှတ် (၁၂) ရပ်ကွက်နေ မာမာဖြိုးသည် ၎င်းအသုံးပြုသည့် “May Myat Noe Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**စာမျက်နှာ ၂၄ မှအဆက်**

တိုက်အမှတ်(5/A)အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ RUGER SR-9 ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမကျည် ငါးတောင့်၊ လက်ပစ်ဗုံး နှစ်လုံး၊ ဒီတိုနေတာအခု ၃၀၊ ယမ်းမှုန့် တစ်ထုပ်၊ ဆားကစ်ပြား တစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ တင်အောင်လွင်(ခ) သားကြီး၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် **ဝင်းမင်းထွန်း(ခ)ရှမ်းပေါက်**နှင့် **ဖိုးမြတ်ဦး(ခ)တွတ်ပီ**တို့ နှစ်ဦးကို မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခြင်း၊ ဓားပြတိုက်လုယက်ခြင်းများဆောင်ရွက်ခဲ့သည့် **တရားခံ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး လေးဦး၊ ရဟန်း ၂၁ ဦး**ကို ပစ္စတိုမျိုးစုံ ခုနစ်လက်၊ ကျည်အိမ် ၁၀ ခု၊ ကျည်မျိုးစုံ ၉၈ တောင့်၊ လက်ပစ်ဗုံး ရှစ်လုံး၊ ဖောက်ခွဲရေးသုံး ဒီတိုနေတာအခု ၃၀၊ ယမ်းမှုန့်တစ်ထုပ်၊ ဆားကစ်ပြားတစ်ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်**နှင့် **အောင်ကျော်ထက်**တို့သုံးဦးသည် ၂၀၂၁ ခုနှစ် ဇွန်လခန့်တွင် KNLA တပ်မဟာ(၇)လှုပ်ရှားနယ်မြေ၌ လည်းကောင်း၊ **ကျော်ခင်ထူး(ခ)ရန်ပိုင်၊ ရွှေသဥ္စာဦး၊ ဝင်းမင်းထွန်း(ခ)ရှမ်းပေါက်**နှင့် **ဖိုးမြတ်ဦး(ခ)တွတ်ပီ**တို့ လေးဦးသည် KIA ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့အနီး၌ လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တစ်လခန့် အသီးသီးတက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ဒလမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဒလမြို့နယ် ရာဇသင်္ကြန် ရပ်ကွက်နေ ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျူးဒိုး**တို့ ခေါင်းဆောင်၍ **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်၊ အောင်ကျော်ထက်၊ နိုင်လင်း၊ တင်အောင်လွင်(ခ)သားကြီး၊ ဦးသန်း၊ ကျော်ခင်ထူး(ခ)ရန်ပိုင်၊ ဝင်းမင်းထွန်း(ခ)ရှမ်းပေါက်၊ ဖိုးမြတ်ဦး(ခ)တွတ်ပီ**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ကြည်လွင်(ခ)မီးသီး၊ အောင်ကျော်ဖိုး၊ ကျော်လင်း၊ အောင်လွန်း၊ စန်နိုင်၊ ခင်မင်းထွန်း၊ ရန်ကျော်**နှင့် **ဒီပ**တို့ပါဝင်သော ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှုလေးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုတိသာလမ်းသွယ်(၁) တိုက်အမှတ်(5/A)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းနှင့် ဒလ-တွံတေး လမ်းထောင့်ရှိ ဝတီနန်းစတိုးဆိုင်ရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဒလမြို့နယ် မဟာဗန္ဓုလလမ်းနှင့် တံတားဖြူရေမြောင်းအနီးရှိ အမှိုက်ပုံ၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။

- ၂၀၂၁ ခုနှစ် မေ ၇ ရက်တွင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဒလ-တွံတေး ကားလမ်းဘေးရှိ မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ဖမ်းဆီးရန်ကျန်တရားခံ **ပြည့်ဖြိုးနိုင်**နှင့် **ပြည့်ဖြိုးသူ**တို့က လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲခဲ့ပြီး **ကျော်မျိုးအောင်**နှင့် **ထက်အောင်လင်း**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇွန် ၂၀ ရက်တွင် ဒလမြို့နယ် သပြေကုန်းကျေးရွာ အထက(၄)ကျောင်းရှေ့၌ ဖမ်းဆီးရန်ကျန်တရားခံ **ပြည့်ဖြိုးနိုင်**နှင့် **ပြည့်ဖြိုးသူ**တို့က လက်လုပ်မိုင်း တစ်လုံးဖောက်ခွဲခဲ့ပြီး **ကျော်မျိုးအောင်**နှင့် **ထက်အောင်လင်း**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ဩဂုတ် ၂၈ ရက်တွင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းနှင့် ဒလ-တွံတေး လမ်းထောင့်ရှိ ဝတီနန်းစတိုးဆိုင်ရှေ့၌ **ထူးထက်အောင်**က လက်လုပ်မိုင်း နှစ်လုံးဖြင့် ဖောက်ခွဲခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ)အငယ်ကောင်**နှင့် **အေးသီတာဝင်း**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၁၄ ရက်တွင် ဒလမြို့နယ် မဟာဗန္ဓုလလမ်းနှင့် တံတားဖြူရေမြောင်းအနီးရှိ အမှိုက်ပုံ၌ ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျူးဒိုး**က လက်လုပ်မိုင်း တစ်လုံး ဖောက်ခွဲခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ)အငယ်ကောင်**နှင့် **အေးသီတာဝင်း**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဒလ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု ခြောက်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျူးဒိုး**တို့သည် ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နယူးရွှေခရားကြီး လက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူ ဦးကျော်မင်းကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း**နှင့် **အေးသီတာဝင်း**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- မေ ၁ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်**သည် ဒလမြို့နယ် ဝန်ထမ်းအိမ်ရာရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ဦးချစ်မိုးကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း**နှင့် **ဟိန်းထက်(ခ) အငယ်ကောင်**တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- ဩဂုတ် ၁၄ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျူးဒိုး**တို့သည် ဒလမြို့နယ် စက်မြေရပ်ကွက် မင်းရဲကျော်စွာလမ်း၌ အပြစ်မဲ့ပြည်သူ ဦးကျော်ကျော်ဝင်းကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်**နှင့် **အေးသီတာဝင်း**တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- ဩဂုတ် ၃၀ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်၊ ထူးထက်အောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျူးဒိုး**တို့က ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက်အတွင်း၌ ရာအိမ်မှူး ဦးစိုးမင်းဦးကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ)အငယ်ကောင်၊ အေးသီတာဝင်း၊ ခိုင်ခိုင်ဝင်း(ခ)အရီးမ**နှင့် **သက်ဝါဦး(ခ)တုတ်တုတ်**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- စက်တင်ဘာ ၂၅ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်**သည် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ဦးဝဏ္ဏထွန်းကို ပစ္စတိုဖြင့် ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ)အငယ်ကောင်၊ ခိုင်ခိုင်ဝင်း(ခ)အရီးမ**နှင့် **သက်ဝါဦး(ခ)တုတ်တုတ်**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- စက်တင်ဘာ ၂၉ ရက်တွင် **ထက်လင်းဦး(ခ)ကိုထက်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ခင်မင်းထွန်း**သည် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၂၆ လမ်းထောင့်၌ တပ်ကြပ်မင်းထွန်း ကို ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **နိုင်လင်း၊ ဟိန်းထက်(ခ) အငယ်ကောင်**နှင့် **မင်းမင်းဦး(ခ)ကျော်ဦး(ခ)ဝေလွင်ဦး**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး ရဲနောင်က ခိုင်းစေခဲ့ခြင်းဖြစ်ပြီး သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများကို တရားခံပြေး ရဲနောင်က မြဝတီမြို့မှ တစ်ဆင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်**၏ ခိုင်းစေချက်အရ **ထူးထက်အောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ရဲထက်နိုင်(ခ)ကျူးဒိုး**တို့ကဦးဆောင်၍ သဃ်န်းကျွန်းမြို့နယ် ဘဝမြင့်မှတ်တိုင်အနီးရှိ A ဘဏ်နှင့် ရတနာရွှေဆိုင်တို့ကို ဓားပြတိုက်လုယက်မှုများကျူးလွန်၍ ရရှိသောငွေကြေးများကို အသုံးပြုကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာမှစ၍ ရန်ကုန်တိုင်းဒေသကြီး အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်စီစဉ်ထားကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဒလမြို့နယ် NLD ပါတီ အလုပ်အမှုဆောင် တရားခံပြေး **ရဲနောင်**၏ ခိုင်းစေချက်အရ **တင်အောင်လွင်(ခ)သားကြီး၊ ဦးသန်း၊ တင်ဇော်သိန်း(ခ)ဂန္ဓီ၊ ခင်မိုးဦး၊ အောင်ဇော်မျိုး**နှင့် **ဇော်ဝင်းအောင်(ခ)မိန်ကုလား**တို့သည် ဒလ PDF အကြမ်းဖက်အဖွဲ့အတွက် လူမှုကွန်ရက်မှတစ်ဆင့် ပြည်တွင်း၊ ပြည်ပရှိ အစွန်းရောက် NLD ပါတီဝင်များနှင့် အကြမ်းဖက်အဖွဲ့ကို ထောက်ခံသူများထံမှ နည်းလမ်းမျိုးစုံဖြင့် အလှူငွေများကောက်ခံ၍ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်းများတွင် အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မဲဇလီပင်အကြောင်းတစေ့တစောင်း

မန်းတင့်မော်



တန်ဆောင်မုန်းလ၏ရာသီပန်းမှာ ခဝဲပန်းဖြစ်သော်လည်း တန်ဆောင်မုန်းလနှင့်ယှဉ်တွဲလျက် မဲဇလီဖူးကို လူသိများကြသည်။ တန်ဆောင်မုန်းလရောက်တိုင်း မန္တလေးမြို့ရှိဈေးများတွင် မဲဇလီဖူးအစိမ်းနှင့် အပြုတ်များကို လှိုင်လှိုင်ရောင်းချလေ့လည်းရှိပါသည်။ တန်ဆောင်မုန်းလပြည့်ညတွင် မဲဇလီပင် မဲဇလီအဖူးအပွင့်များကို ဆေးပေါင်းခသည်ဟူသော အယူအဆတစ်ရပ်လည်း ရှေးမှသည် ယခုထက်တိုင် လက်ခံယုံကြည်လျက်ရှိရာ ထိုကာလတွင် မဲဇလီဖူး သုပ်စားလေ့ရှိဆဲပင်။ မြန်မာနှင့် မဲဇလီမှာ ခွဲခြားမရအောင် တည်ရှိနေသဖြင့် မဲဇလီဆိုင်ရာရှာဖွေမှတ်သားမိသမျှ တင်ပြလိုပါသည်။

မြန်မာအဘိဓာန်တွင် "မဲဇလီ/ မယ်ဇလီ/ န- အရသာခါးသက်သည့် အရွက် အဖူး အပွင့်တို့ကို စားသုံးရသော ပင်စောက်တစ်မျိုး"ဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထူပါရုံစေတီကျောက်စာအရ ရှေးအခါက မဲဇလီပင်ကို "မည်ဇရီ"ဟုရေးထိုးထားကြောင်း သိရသည်။ ၎င်းမှတစ်ဆင့် မယ်ဇရီ၊ မဲဇလီဟုအဆင့်ဆင့် အသံထွက် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်းလည်း ဆိုကြပါသည်။ ဒေသတချို့တွင် မဥ္ဇူရီပင်ဟုလည်းခေါ်ကြသေးသည်။

မဲဇလီကို သိပ္ပံနည်းကျမျိုးခွဲရာတွင် မျိုးစဉ် Fabales တွင်ပါဝင်၍ မျိုးရင်း Fabaceae အောက်တွင်ထားရှိသည်။ မဲဇလီ၏ သိပ္ပံအမည်မှာ Senna siamea ဟုမှည့်ခေါ်ထားသည်။ မျိုးစု Senna ဟူသည်မှာ ချုံဆူးချုံဟု အဓိပ္ပာယ်ရသော အာရပ်စကား Sana ကို လက်တင်က ယူလိုက်ခြင်းဖြစ်သည်။

မဲဇလီပင်၏ မူလဇာတိဒေသမှာ အိန္ဒိယနိုင်ငံဖြစ်ကြောင်း မှတ်သားမိသည်။ အိန္ဒိယနိုင်ငံအနောက်ကျွန်းဆွယ်၊ သီရိလင်္ကာ၊ မလေးရှား၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ပေါက်ရောက်လေ့ရှိသည်။ မဲဇလီပင်သည် အမြဲစိမ်းသစ်ပင်ငယ် အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံအနှံ့ (မြင့်မားသော တောင်တန်းဒေသမှအပ)ပေါက်ရောက်သည်။ အစေ့ကိုစိုက်ပျိုး၍လည်း ရရှိသည်။ အလွယ်တကူအပင်ပေါက်နိုင်၍ အပင်ကြီးမြန်ဆန်သည်။ ကြီးမြန်သစ်ပင်မျိုးဖြစ်၍ ကျေးရွာသုံးထင်းအဖြစ် အသုံးပြုနိုင်သဖြင့် ကျေးရွာသုံးထင်းစိုက်ခင်းများအတွက် အသုံးဝင်အဆင်ပြေစေသော အပင်တစ်မျိုးဖြစ်သည်။ မဲဇလီပင်၏အပင်အမြင့်မှာ ပေငါးဆယ်ခန့်ထိရှိ၍ အစိမ်းရင့်ရောင်အရွက်များ ထူထပ်စွာဖုံးအုပ်လျက်ရှိပြီး အရိပ်ရအပင်တစ်မျိုးလည်းဖြစ်သည်။ ပင်စည်လုံးဝိုင်းပြီး အခက်အကိုင်းများက တုတ်ခိုင်ကြီးမား၍ ခွဲဖြာလျက်ရှိသည်။

မဲဇလီပင်၏အရွက်များမှာ ငှက်မွေးပုံတစ်ဆင့်ရွက်ပေါင်းအမျိုးအစားဖြစ်သည်။ အရွက်ရိုးတံခြောက်လက်မမှ ၁၂ လက်မထိရှိသည်။ ရွက်လွှဲတည်ရှိသည်။ ရိုးတံတစ်ခုတွင် ရွက်မြွှာခြောက်စုံမှ ၁၀ စုံထိရှိသည်။ ရွက်မြွှာတစ်ခုသည် တစ်လက်မမှ နှစ်လက်မထိရှိသည်။ ထိပ်ဝိုင်းသည်။ ရွက်ညှာငယ်နှင့် ရွက်ညှာရှိ၏။ ရွက်စွယ်အလွန်ငယ်၍ အကြွေမြန်သည်။ အရွက်နုစဉ် ပန်းရောင်မှ အညိုဖျော့ရောင်ရှိ၍ အလွန်လှပသည်။

မဲဇလီပင်၏ပန်းခိုင်တွင် ဒုတိယပွင့်ကိုင်းက ပထမပွင့်ကိုင်းထက်ပို၍တိုသည်။ ပွင့်ညှာထင်ရှားသည်။ မဲဇလီပန်းပွင့်များတွင် ပွင့်ခံရွက်ပါရှိပြီး ပွင့်ညှာရွက်မပါရှိပေ။ ဝတ်ဆံဖိုဝတ်ဆံမ နှစ်မျိုးစုံလင်၍ လိင်စုံပန်းပွင့်အမျိုးအစားဖြစ်သည်။ ဝတ်ဆံမအုံအထက်တွင် တည်ရှိသဖြင့် အထက်တည်မပွင့်ဖြစ်သည်။ ပွင့်ဖတ်ငါးခုရှိ၍ ပွင့်ဖတ်များသီးခြားတည်ရှိသည်။ ပွင့်ဖတ်များပေါ်တွင် အမွှေးနုကလေးများပါရှိသည်။ ပွင့်ချပ်ငါးခုပါရှိ၍ ပွင့်ဖတ်ကဲ့သို့သီးခြားစီတည်ရှိသည်။ ပွင့်ချပ်များ၏အရောင်မှာ အဝါရင့်ရင့်ဖြစ်၍ ထင်ရှားသည်။ ဝတ်ဆံဖိုတိုင်ဆယ်ခုပါရှိ၍ အရှည်အတိုညီညာခြင်းမရှိပါ။ ဝတ်ဆံဖိုတိုင်အရှည်ခုနစ်ခုတွင် ဝတ်ဆံများ မျိုးအောင်သည်။ ဝတ်မှုန်အိတ်များလည်း ပို၍ကြီးသည်။ ဝတ်မှုန်အိတ် အခန်းနှစ်ခန်းစီပါရှိသည်။ ဝတ်မှုန်များ ထိပ်ဘက်အပေါက်များမှ အက်ကွဲသည်။ ဝတ်ဆံမ(အမအင်္ဂါအုံ) တစ်ခုပါရှိသည်။ အစေ့အိမ်ခန်းတစ်ခန်းပါရှိ၍ အစေ့လောင်းများစွာပါရှိသည်။ အစေ့အိမ်အောက်ပိုင်း အနည်းငယ်ကောက်လျက်ရှိပြီး အထက်ပိုင်းဆက်လျက်ရှိသော ဝတ်မှုန်ခံတိုင်ဖြောင့်မတ်သည်။ မဲဇလီအသီးမှာ နှစ်မြှောင်းကွဲသီးတောင့်ရှည်ဖြစ်သည်။ နှစ်ဖက်ပြားသည်။ အစေ့တွင် အစေ့တွင်းစာပါရှိသည်။

မဲဇလီပင်၏ အမြစ်၊ ပင်စည်၊ အရွက်၊ အဖူးအပွင့်နှင့် အသီး ပဥ္စငါးပါးစလုံး အသုံးဝင်သည်။ မဲဇလီပင်စည်အသားမှာ အညိုရောင် သို့မဟုတ် အမည်းရောင်ရှိ၍ အရောင်တင်ဆီဖြင့် အရောင်တင်လိုက်လျှင် ပြောင်လက်လှပလာသည်။ ပရိဘောဂပြုလုပ်ရန် အသုံးဝင်သည်။ လက်ကိုင်တုတ်နှင့် ပုဆိန်ရိုးများ ပြုလုပ်နိုင်ကြောင်းလည်း မှတ်သားမိသည်။ အမြစ်နှင့်အကိုင်းအခက်များက ထင်းအဖြစ်အသုံးပြုနိုင်သည်။ မဲဇလီအရွက်နုများကို ဟင်းချိုချက်၍ စားသုံးလေ့ရှိသည်။ မဲဇလီအဖူးနှင့် အပွင့်များကိုပြုတ်၍ ဒေသအလိုက် ရိုးရာနည်းအမျိုးမျိုးဖြင့် လက်သုပ်သုပ်စားလေ့ရှိကြသည်။ မဲဇလီဖူးသုပ်က နိုင်ငံအနှံ့ကျော်ကြားသော လက်သုပ်တစ်မျိုးဖြစ်သည်။ မဲဇလီအရွက်၊ အဖူးအပွင့်တို့ကိုပြုတ်၍ အတို့အမြုပ်အဖြစ်လည်း တွင်ကျယ်စွာစားသုံးလေ့ရှိကြသေးသည်။

မဲဇလီ၏ ဆေးဖက်ဝင်ပုံအမျိုးမျိုးရှိပါသည်။ အလေးချိန် ဂရမ် ၁၀၀ရှိသော မဲဇလီဖူးနှင့် အရွက်များတွင် ကယ်လိုရီ ၁၀၀၊ ပရိုတင်း(အသားဓာတ်) ၇ ဒဿမ ၁ ဂရမ်၊ ထုံးဓာတ် ၄၄ ဒဿမ ၁ မီလီဂရမ်၊ သံဓာတ် ၁၇ မီလီဂရမ်နှင့် ဗီတာမင်စီ ၁၀၁ မီလီဂရမ် တို့ပါဝင်ကြောင်း ဓာတုဆိုင်ရာမှတ်တမ်းများအရ သိရသည်။ ဆေးပညာအရ ကျန်းမာရေးအထောက်အကူပြု အခြားဓာတ်ပစ္စည်းများစွာ ပါဝင်လျက်ရှိကြောင်း ဖော်ပြချက်များလည်း ရှိပါသေးသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်း(အင်တီအောက်ဆီးဒင့်)နှင့် ဟင်းသီးဟင်းရွက်များတွင် ရှားပါးစွာပါသော ဆေးဖက်ဝင် ဂလိုင်ကိုဆိုဒ်ပါဝင်ကြောင်းလည်း မှတ်သားမိပါသည်။

မဲဇလီဖူးတွင် ဓာတ်တိုးဆန့်ကျင်သတ္တိပါဝင်သောကြောင့် ကိုယ်ခန္ဓာ၏ ခုခံအားစနစ်ကိုကောင်းမွန်စေပြီး အစာစားလိုစိတ်ကုန်ခန်းခြင်းနှင့် ပျို့အန်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။ သက်ရှိဆဲလ်များကို ထိခိုက်မှုလျော့နည်းစေနိုင်သည်။ အူမကြီးကင်ဆာနှင့် အသည်းကင်ဆာဖြစ်နိုင်ခြေကိုလည်း လျော့ပါးစေနိုင်ကြောင်းသိရပါသည်။ ထို့ပြင် ရေဓာတ်ပူးတွဲပါဝင်နေသည့်အတွက် ဆဲလ်အသစ်ဖြစ်ပေါ်မှုကို အားပေးသည်။ အရေပြားရှိ အမျှင် (ကော်လာဂျင်) ထုတ်လုပ်မှုကို မြင့်တက်စေခြင်းကြောင့် အရေပြားကို တင်းရင်းစေနိုင်သော သတ္တိပါရှိသည်။ အရေပြားရောဂါများကိုလည်း သက်သာစေနိုင်သည်။ ဆံပင်ကိုလည်း သန်စွမ်းစေသည်။ ဆံပင်ကျွတ်ခြင်းနှင့် မူလဆံပင်အရောင်ပြောင်းလက်နိုင်စေသောကြောင့် မဲဇလီဖူးကို သဘာဝအရောင်တင်ဆေးဟု တင်စားခေါ်ဝေါ်ကြသေးသည်။

❖ မဲဇလီပင်၏ အမြစ်၊ ပင်စည်၊ အရွက်၊ အဖူးအပွင့်နှင့် အသီး ပဥ္စငါးပါးစလုံး အသုံးဝင်သည်။ မဲဇလီပင်စည်အသားမှာ အညိုရောင် သို့မဟုတ် အမည်းရောင်ရှိ၍ အရောင်တင်ဆီဖြင့် အရောင်တင်လိုက်လျှင် ပြောင်လက်လှပလာသည်။ ပရိဘောဂပြုလုပ်ရန် အသုံးဝင်သည်။ လက်ကိုင်တုတ်နှင့် ပုဆိန်ရိုးများ ပြုလုပ်နိုင်ကြောင်းလည်း မှတ်သားမိသည်။ အမြစ်နှင့် အကိုင်းအခက်များက ထင်းအဖြစ်အသုံးပြုနိုင်သည်။ မဲဇလီအရွက်နုများကို ဟင်းချိုချက်၍ စားသုံးလေ့ရှိသည်။ မဲဇလီအဖူးနှင့် အပွင့်များကိုပြုတ်၍ ဒေသအလိုက် ရိုးရာနည်းအမျိုးမျိုးဖြင့် လက်သုပ် သုပ်စားလေ့ရှိကြသည်။ ❖

မဲဇလီရွက်နှင့် အဖူးအပွင့်များက သွေးပေါင်ချိန်ထိန်းညှိပေးနိုင်ခြင်းအပြင် နှလုံးရောဂါနှင့်ဆက်စပ်သည့်ရောဂါများကိုလည်း ကာကွယ်နိုင်စွမ်းရှိသော ဖိုင်တိုကွန်ပေါင်း (Phytocompound) ပါရှိနေသေးသည်။ ခန္ဓာကိုယ်အလေးချိန် လျှော့ချလိုသူများအတွက် ပုံမှန်အနည်းငယ်စားသုံးသင့်ကြောင်းကို အာဟာရပညာရှင်များ၏ အကြံပြုချက်များလည်း ရှိသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ပန်းနာရောဂါများကိုလည်း သက်သာစေပြီး ခန္ဓာကိုယ်တွင်း ရေဓာတ်မျှတမှုကိုလည်း ထိန်းညှိပေးနိုင်သဖြင့် ဆီးလမ်းကြောင်းဆိုင်ရာပြဿနာများကို လျော့ပါးစေနိုင်ပါသည်။

"တန်ဆေးလွန်ဘေး"ဟူသော မြန်မာစကားအတိုင်း မဲဇလီအရွက်၊ အဖူးနှင့်အပွင့်များကို ရေရှည်အလွန်အကျွံစားသုံးလျှင် ဘေးထွက်ဆိုးကျိုးများအနေဖြင့် ဝမ်းပျက်ဝမ်းလျှော့စေနိုင်သည်။ ဓာတ်မတည့်ခြင်းကြောင့် ဆီးအရောင်ပြောင်းတတ်သည်။ ကြွက်သားအားနည်းခြင်း၊ နှလုံးလုပ်ငန်းစဉ်များ မှုမမှန်ခြင်း၊ အသည်းအတွက် အဆိပ်အတောက်ဖြစ်စေခြင်းများ ဖြစ်ပေါ်တတ်သည်။ သတိပြုစားသုံးကြရန်ဖြစ်ပါသည်။

ရှေးမြန်မာကဗျာတစ်ပုဒ်တွင် မဲဇလီနှင့်စပ်လျဉ်း၍

မဲဇလီပင်ပျိုအောက်
ပေါက်လာတဲ့ရွှေတမာ
ခါးချက်ကယ်နှာ၊
ရေစီးရယ်တစ်ခါ
ရေသာရယ်တလှည့်။
သူများလို တို့မရှိုင်းတယ်
တိုင်းသိပါရဲ့။ ။ ဟုဖတ်ရမှတ်ရပါသည်။

စာဆိုမသိ ပိုင်ရှင်မဲ့ကဗျာလေးဖြစ်ပါသည်။ အဆိုပါကဗျာကလေးသည် လူအချင်းချင်းလူမှုဆက်ဆံရေးကိုဖော်ညွှန်းသည်ဟုဆိုနိုင်သော်လည်း အတွေးဆန့်လျှင်ဆန့်သလောက် ကျယ်ပြန့်သောသဘောရှိပါသည်။ လူတိုင်းလူတိုင်း ဘဝခရီးတွင် ရေစုန်လှေစုံ၊ တက်စုံရွက်စုံဖြင့် သွားလာကြရသည် မဟုတ်ကြပါ။ ရေဆန်လေဆန်၊ ရေစီးကြမ်းကြမ်းမှာ တက်မစုံရွက်မပါ ခရီးနှင်ရသည့်အခါလည်း မလွဲမသွေရှိနိုင်ပါ၏။ ထိုအခါမျိုးတွင် ခရီးသွားဖော်အချင်းချင်း ရိုင်းပင်းရမည့်အစား ရိုင်းပျမှုများနှင့်လည်း ကြုံရဆုံရတတ်ပါသည်။ ဤနေရာတွင် "ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွှေ့"ဟူသော အဆိုကိုလည်း လက်ကိုင်ပြုသင့်ကြပါသည်။ မဲဇလီတွင် အခြားအများသိ သဘော်မဲဇလီဟူ၍လည်း မျိုးစုနှင့် မျိုးစိတ်ကွဲပင်တစ်မျိုးရှိသေးသည်။ အရေပြားတွင်ဖြစ်သော ပွေးဝဲယားနာတို့အတွက် အရွက်ကို ပွတ်ခြေ၍ လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။ အရေပြားရောဂါ၊ ခံတွင်းရောဂါနှင့် နှင်းခူကြီးရောဂါတို့အတွက်လည်း ဆေးအဖြစ်အသုံးပြုနိုင်သည်ဟုဆိုပါသည်။ မဲဇလီအမည်ပါရွာများကို မြန်မာနိုင်ငံအနှံ့တွင် မှည့်ခေါ်ထားသည်ကိုလည်း တွေ့နိုင်ပါသည်။

မဲဇလီပင်များ လှိုင်လှိုင်ပွင့်သည့်အခါရောက်ခဲ့ပြီး မကြာမီဆေးပေါင်းခမည့် တန်ဆောင်မုန်းလပြည့်အခါသမယတွင် မဲဇလီဖူးသုပ်များကို စားသုံးခြင်း၊ ပေးဝေခြင်းနှင့်အတူ အားလုံးကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသတည်း။

**ကိုးကား**

**၁။ မန္တလေးတိုင်းဆေးဝင်ပင်များ(၁၉၇၁)**

**၂။ www.natural food series.com.**

## မလေးရှားနိုင်ငံ ကိုတာတင်ဂီမြို့ ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၉၈ ဦး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ




**ကွာလာလမ်ပူ နိုဝင်ဘာ ၃**

မလေးရှားနိုင်ငံ ဂျာဟိုးပြည်နယ် ကိုတာတင်ဂီခရိုင်၏မြို့တော်ဖြစ်သည့် ကိုတာတင်ဂီမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၉၈ ဦးထိ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ဂျာဟိုးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက နိုဝင်ဘာ ၂ ရက်က ထုတ်ပြန်ခဲ့ကြောင်း The Sun Daily သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုသည် နိုဝင်ဘာ ၁ ရက်က စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၂၁ ဦးသာရှိခဲ့သော်လည်း နိုဝင်ဘာ ၂ ရက်တွင် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၉၈ ဦးထိ မြင့်တက်လာခဲ့ကြောင်း၊ ဂျာဟိုးအရေးပေါ်စီမံခန့်ခွဲရေးကော်မတီက ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ကူညီပေးလျက်ရှိပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများကိုလည်း ဒီဝန်အယ်လ်ဘာရာကာ ဧရိယာတွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ နေရာချထားကြောင်း သိရသည်။

"နိုဝင်ဘာ ၁ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၉၈ ယောက်ထိရှိနေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကိုတော့ ဒီဝန်အယ်လ်ဘာရာကာ ဧရိယာမှာ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပြီး နေရာချပေးထားပါတယ်။ ရေဘေးအန္တရာယ် တည်ငြိမ်မှုမရှိသေးတဲ့အတွက် ဘာလိုင်ရာယာမှာလဲ ကယ်ဆယ်ရေးစခန်းတွေ ထပ်မံဖွင့်လှစ်ဖို့လျာထားပါတယ်။ ရေကြီးရေလျှံမှုဟာ ဆီဂါမက်ခရိုင်မှာလဲ ဖြစ်ပွားနေပါတယ်။ ဆီဂါမက်ခရိုင်မှာတော့ မိသားစု ခြောက်စုကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရပါတယ်"ဟု ဂျာဟိုးပြည်နယ်အရေးပေါ်စီမံခန့်ခွဲရေး ကော်မတီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျာဟိုးပြည်နယ်တွင် ကိုတာတင်ဂီခရိုင်အပြင် ဆီဂါမက်ခရိုင်တွင်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ဆီဂါမက်ခရိုင် မိသားစု ခြောက်စုမှာလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

**ခိုင်းဆက်**

## လီဆာမုန်တိုင်းက ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် ဘေလီဇ်ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်

**ဝါရှင်တန် နိုဝင်ဘာ ၃**

လီဆာဟုအမည်ပေးထားသည့် အပူပိုင်းမုန်တိုင်းသည် နိုဝင်ဘာ ၂ ရက် ညပိုင်းက ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် ဘေလီဇ်ကမ်းခြေသို့ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လီဆာမုန်တိုင်းသည် ဘေလီဇ်ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက နိုဝင်ဘာ ၁ ရက်က သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ၂၄ နာရီအတွင်း မုန်တိုင်းဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လီဆာဟာရီကိန်းမုန်တိုင်းသည် ဘေလီဇ်ကမ်းခြေ၏ အဓိကဆိပ်ကမ်းမြို့ဖြစ်သည့် ဘေလီဇ်မြို့ကို ကနဦးဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၂ ရက်ညက ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်း အားကောင်းတဲ့အတွက် ပျက်စီးဆုံးရှုံးမှုတချို့ ရှိခဲ့ပါတယ်။ အထူးသဖြင့် သစ်ပင်ကြီးတွေ လဲကျတာဖြစ်ခဲ့ပါတယ်။ ဒေသခံတွေအနေနဲ့ကတော့ မုန်တိုင်းအမြန်ဆုံးတည်ငြိမ်သွားဖို့ပဲ မျှော်လင့်နေပါတယ်။ ကျွန်တော်တို့ဆီကို ဝင်ရောက်ခဲ့တဲ့မုန်တိုင်းဟာ အခြားဧရိယာတွေမှာ ဝင်ရောက်ခဲ့တဲ့ ပြင်းအားလောက် မများခဲ့ပါဘူး။ ဒါပေမဲ့ ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့တဲ့အတွက် ဒေသခံတွေက စိုးရိမ်နေကြပါတယ်"ဟု ဆန်ပက်ဒရိုမြို့ရှိ Ramon's Village Resort ၏ မန်နေဂျာဖြစ်သူ အီနာဂိုမက်ဇ်က ပြောကြားခဲ့သည်။



မုန်တိုင်းကြောင့် ဘေလီဇ်မြို့တွင် သစ်ပင်ကြီးတချို့လဲကျကာ နေအိမ်တချို့ ပျက်စီးခဲ့ရပြီး လီဆာ ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီလျှင် ၈၅ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ကာ ဘေလီဇ်မြို့အနောက်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်ခဲ့ကြောင်း၊ အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ၏ ထုတ်ပြန်ချက်အရ အဆိုပါမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့ဘက်သို့ ဆက်လက်တိုက်ခတ်ဖွယ်ရှိနေကြောင်း၊ လီဆာမုန်တိုင်းသည် ဘေလီဇ်မြို့အပြင် ဆန်ပက်ဒရိုမြို့သို့လည်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး Ramon's Village Resort တွင် ပျက်စီးဆုံးရှုံးမှုတချို့ ရှိခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

## မစ္စစ္စပီမြစ်ဝှမ်းတစ်လျှောက်ရှိမြို့များ၏ သောက်သုံးရေအခက်အခဲအတွက် ဖက်ဒရယ်အစိုးရထံ အကူအညီတောင်းခံထား

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ် မစ္စစ္စပီမြစ်ဝှမ်းတွင် စံချိန်တင် ရေပမာဏ ကျဆင်းမှုကြောင့် မစ္စစ္စပီ မြစ်ဝှမ်းတစ်လျှောက်တွင် တည်ရှိသည့်မြို့များတွင် သောက်သုံးရေ ခက်ခဲသည့်ပြဿနာဖြင့် ရင်ဆိုင်နေရသဖြင့် မစ္စစ္စပီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ဖက်ဒရယ်အစိုးရထံသို့ အကူအညီတောင်းခံထားကြောင်း မစ္စစ္စပီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု WRKF သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မစ္စစ္စပီမြစ်ဝှမ်းတစ်လျှောက်၌ တည်ရှိသည့်မြို့များမှ မြို့တော်ဝန်များကလည်း ဖက်ဒရယ်အစိုးရထံ အကူအညီတောင်းခံလွှာ ပေးပို့ထားပြီး မစ္စစ္စပီမြစ်ရေခန်းခြောက်မှုကို အမြန်ဆုံး ကူညီဖြေရှင်းပေးစေလိုကြောင်း တောင်းဆိုခဲ့သည်။

"မစ္စစ္စပီမြစ်ရေပမာဏကျဆင်းလာတာဟာ မစ္စစ္စပီမြစ်ရေကို မှီခိုနေရတဲ့ဒေသတွေအတွက် သောက်သုံးရေအပြင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေလဲ အခက်အခဲတွေ့လာတယ်။ မြစ်ရေခန်းခြောက်လာတာဟာ ဒေသခံတွေကိုလဲ ဆုံးရှုံးမှုကြီးမားစေပါတယ်။ မြစ်ရေလျှံတက်တာထက် မြစ်ရေခန်းခြောက်တာက ဒေသခံတွေကို ဆုံးရှုံးမှုပိုမိုများပြားစေပါတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် ကျွန်တော်တို့ အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေး သဘောတူညီချက်အရ ဖက်ဒရယ်အစိုးရကို အကူအညီတောင်းခံခဲ့ပါတယ်"ဟု မမ်ဖစ်မြို့တော်ဝန် ဂျင်မ်စထရစ်ကလန်းက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ပြည်နယ်တချို့တွင် နှစ်ပေါင်း ၁၂၀၀ အတွင်း အဆိုးရွားဆုံးသောမိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး သောက်သုံးရေ ရှားပါးလာသည့် အခြေအနေမျိုး ဆိုက်ရောက်လာသည့်အတွက် သောက်သုံးရေပုံမှန်ရရှိရေး ပြည်နယ်အလိုက်အာဏာပိုင်အဖွဲ့အစည်းများက စီစဉ်နေကြောင်း သိရသည်။

**ခိုင်းဆက်**

## အီသီယိုးပီးယားရှိ မိုးခေါင်ရေရှားမှုဒဏ်ခံနေရသော ပြည်သူများကိုပံ့ပိုးရန် အရေးပေါ်ရန်ပုံငွေရရှိရေး အလှူရှင်များကို ကုလသမဂ္ဂတိုက်တွန်းထား

**အဒစ်အာဘာဘာ နိုဝင်ဘာ ၃**

အီသီယိုးပီးယားရှိ ပဋိပက္ခများ၊ မိုးခေါင်ရေရှားမှုဒဏ်ခံနေရသော ပြည်သူများကိုပံ့ပိုးရန် အရေးပေါ်ရန်ပုံငွေရရှိရေး ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) က အလှူရှင်များကို တိုက်တွန်းထားကြောင်း CGTN သတင်းဌာနက နိုဝင်ဘာ ၂ ရက်က ရေးသားဖော်ပြထားသည်။

အီသီယိုးပီးယားမိုးခေါင်ရေရှားမှုနှင့် ပဋိပက္ခဒဏ်ခံနေရသောဒေသများတွင် ကြီးထွားလာနေသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာဘေးဒုက္ခများကို တုံ့ပြန်ရေးအတွက် အရေးပေါ်ရန်ပုံငွေရရှိရန် UNOCHA က နိုဝင်ဘာ ၁ ရက်က အီသီယိုးပီးယားနိုင်ငံနောက်ဆုံးအခြေအနေနှင့် ပတ်သက်သော အစီရင်ခံစာထုတ်ပြန်စဉ်တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် အီသီယိုးပီးယားနိုင်ငံ အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သုံးဘီလီယံလိုအပ်သော်လည်း အစိုးရကူညီပံ့ပိုးမှုအပါအဝင် အလှူရှင်များပံ့ပိုးမှုမှာ ၃၉ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၁ ဒသမ ၂ ဘီလီယံခန့်သာ ရန်ပုံငွေရရှိထားကြောင်း ဖော်ပြခဲ့သည်။

အရှေ့အာဖရိက တစ်ဝန်း ပဋိပက္ခများ၊ မိုးခေါင်ရေရှားမှုနှင့် ရေလွှမ်းမိုးမှုများကြောင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေမှာလည်း ကန့်သတ်ချက်များရှိလာကြောင်း သိရသည်။

စိုက်ပျိုးရေးကဏ္ဍတွင် အီသီယိုးပီးယားနိုင်ငံတစ်ဝန်းရှိ ခန့်မှန်းခြေ လူ ၁၇ ဒသမ ၅ သန်းသည် စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များလိုအပ်လျက်ရှိပြီး တိရစ္ဆာန်ကောင်ရေ သန်း ၃၀ မှာလည်း ပိန်လှီနေပြီး အန္တရာယ်ရှိသောအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း၊ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်ခံရသော နိုင်ငံတစ်ဝန်းရှိ ထိခိုက်လွယ်သောဒေသများရှိ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအတွက် မိတ်ဖက်များကိုဆက်လက်ထိန်းသိမ်းထားရန်နှင့် အလှူရှင်များ ပံ့ပိုးကူညီမှုသည် အလွန်အရေးကြီးကြောင်း UNOCHA က ပြောကြားခဲ့သည်။ **AZH**

## နယူးဆောက်ဝေးပြည်နယ်တွင် ရေကြီးနိုင်သဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်

**ကင်ဘာရာ နိုဝင်ဘာ ၃**

ဩစတြေးလျနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုသတိပေးချက်များထုတ်ပြန်ခဲ့ပြီး နယူးဆောက်ဝေးပြည်နယ်ရှိ ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေး ဒေသဆိုင်ရာ အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ထားကြောင်း ABC သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နမိုင်းမြစ်အတွင်း မြစ်ရေသိသိသာသာ တက်လာပြီးနောက် ယနေ့ နံနက် ၉ နာရီတွင် နေအိမ်များမှထွက်ခွာကြရန် မြစ်နှင့်အနီးဆုံးတွင် နေထိုင်ကြသော ဒေသခံများကို သတိပေးချက်ထုတ်ပြန်ထားပြီး ယနေ့ နံနက်တွင် မြစ်ရေအမြင့်ပေမှာ ၈ ဒသမ ၄ မီတာသို့ ရောက်ရှိရန် မျှော်မှန်းထားကြောင်း ပြည်နယ် အရေးပေါ်ဝန်ဆောင်မှုဌာန (SES) က သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပြည်နယ်အတွင်း အရေးပေါ်သတိပေးချက် ၂၂ ချက်ထုတ်ပြန်ထားပြီး မြစ်ရေသည် ညတွင်းချင်း စိုးရိမ်ရေမှတ်ကို ကျော်လွန်ခဲ့သောကြောင့် Gannedah မြို့သူ၊ မြို့သားများကို ဘေးလွတ်ရာသို့ အမြန်ဆုံးထွက်ခွာရန် သတိပေးထားကြောင်း သိရသည်။

မြောက်ဝဂ်ဂါ ကမ်းရိုးတန်းဒေသမှ ပြည်သူများအနေဖြင့် အကြီးမားဆုံး ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သဖြင့် နိုဝင်ဘာ ၄ ရက်တွင် ဘေးလွတ်ရာသို့ အပြီးထွက်ခွာရန်နှင့် ရက်ပေါင်းများစွာ ရေနစ်မြုပ်နိုင်သဖြင့် အရေးပေါ်သတိပေးချက်များကို လိုက်နာကြရန် SES က တိုက်တွန်းထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်နယ်အတွင်းရှိ ဆည်များမှာလည်း သတ်မှတ်ရေပမာဏထက် ကျော်လွန်လျက်ရှိပြီး နှစ်ပေါင်း ၃၃ နှစ်အတွင်း အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ပေါ်လာနိုင်ကြောင်း ပြည်နယ်မိုးလေဝသဌာနကလည်း သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **AZH**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ဟင်္သာတမြို့နယ်ရှိ ဆိပ်ကမ်းများတွင် ကုန်စည်စီးဆင်းမှုများပြားလာသဖြင့် ကုန်တင်ကုန်ချလုပ်သားဦးရေ ၂၀၀ ထိ အလုပ်အကိုင်ပြန်လည်ရရှိခဲ့



**ဟင်္သာတ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ ဆိပ်ကမ်းများတွင် ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ကုန်စည်စီးဆင်းမှု ပိုမိုများပြားလာသဖြင့် ကုန်တင်ကုန်ချလုပ်သားဦးရေ ၂၀၀ ထိ အလုပ်အကိုင်ပြန်လည်ရရှိခဲ့ကြောင်း ဟင်္သာတမြို့နယ် အလုပ်သမားအဖွဲ့ ခေါင်းဆောင် ကိုဆန်းမင်းဦးက ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်ရှိ ဆိပ်ကမ်းများမှ အခြားမြို့များသို့ ကုန်စည်များစီးဆင်းမှုတစ်ရက်ထက်တစ်ရက် အားကောင်းခဲ့ခြင်းကြောင့် ပြီးခဲ့သည့် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကုန်တင်ကုန်ချလုပ်သားဦးရေ ၂၀၀ ထိ အလုပ်အကိုင်အခွင့်အလမ်းပြန်လည် ရရှိလာခြင်းဖြစ်ကြောင်း၊ ယခင်က ကိုဗစ်-၁၉ ရောဂါဖြစ်စဉ်ဖြစ်ရပ်များကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် ကုန်တင်ကုန်ချလုပ်သားများ ယခုအခါ အလုပ်အကိုင်အခွင့်အလမ်း ပြန်လည်ရရှိလာကြောင်း သိရသည်။

"ဟင်္သာတမြို့ ဆိပ်ကမ်းတွေကနေ ရန်ကုန်၊ ပုသိမ်၊ ဒလ၊ ဓနုဖြူ၊ ဇလွန်၊ မြန်အောင်၊ ကြံခင်း စတဲ့ မြို့တွေကို တင်ပို့ရတဲ့ကုန်စည်တွေများပြားလာတာကြောင့် ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း အရင်က ကိုဗစ်ဖြစ်စဉ်ဖြစ်ရပ်များကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရတဲ့ ကုန်တင်ကုန်ချ လုပ်သားဦးရေ ၂၀၀ အလုပ်အကိုင်ရရှိလာတာဖြစ်တယ်။ လုပ်သားတွေ အလုပ်အကိုင်ရရှိလာတဲ့ အဓိက အချက်က ဟင်္သာတကနေ အခြားဒေသတွေကို ပြီးခဲ့တဲ့တစ်လအတွင်း ကုန်စည်စီးဆင်းမှု ပိုမိုများပြားအားကောင်းလာတာကြောင့်ပါ။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာတော့ ဆန်၊ ဆန်ကွဲနဲ့ ရေထွက်ကုန်ပစ္စည်းတွေ အများဆုံးတင်ပို့ခဲ့ရပါတယ်"ဟု ဟင်္သာတမြို့နယ် အလုပ်သမားအဖွဲ့ ခေါင်းဆောင် ကိုဆန်းမင်းဦးက ပြောပြသည်။

ဟင်္သာတမြို့နယ် ဆိပ်ကမ်းများမှ အခြားဒေသများသို့ ပို့ဆောင်ခြင်း၊ ပြန်လည်သယ်ယူခြင်း ဆောင်ရွက်နေသည့် ကုန်စည်များတွင် ဆန်၊ စပါး၊ ဆန်ကွဲ၊ ဆီ၊ ငါးအမျိုးမျိုး၊ ငါးခြောက်အမျိုးအမျိုး၊ ငါးရှဉ့်၊ ကွမ်းသီး၊ ဘိလပ်မြေအိတ်များ၊ ဓာတ်မြေဩဇာအိတ်များ၊ ကြက်စာအိတ်များနှင့် အခြားလူသုံးကုန်ပစ္စည်းများပါဝင်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် သာယာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နတ်မောက်မြို့နယ် သာယာအေးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့စေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့သည်။



အဆိုပါ သာယာအေးကျေးရွာ၌ အရှည်ပေ ၁၄၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေ သန်း ၂၀ စုစုပေါင်း သန်း ၃၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာ၏လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကျိုးရှိမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းသူရက ပြောပြ၍ သိရသည်။

**သော်သော်**

# မြောက်ဦးမြို့နယ်၌ ကျေးရွာ ၁၀ ရွာကို VDP စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**မြောက်ဦး နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မြောက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးစိုးသက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွှန့်က စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက စီမံကိန်းနှင့် ပတ်သက်၍ လက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့် အညီ သတ်မှတ်စံချိန်စံညွှန်းများ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးစိုးသက်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

မြောက်ဦးမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာအတွက် ကျေးရွာတစ်ရွာလျှင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ တို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှထံမှ သိရသည်။

**ကိုသန်း**

## ဆီမီးမြိုင်မြိုင်တန်ဆောင်တိုင်

\- ငွေနှင်းမှုန်တွေ လေမှာမြူးလို့
ဆောင်းဦးကာလရောက်ခဲ့ပြီ။

\- မြောက်လေဆွတ်ဖျန်း နေခြည်နပ်မ်းတော့
ခဝဲပန်းများ သင်းထုံကြည်။

\- ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းမို့
ရှုမျှော်မဆုံး ဆောင်းပန်းချီ။

\- ဆီမီးရောင်ရှိန် ထိန်ထိန်ညီးလို့
မီးထွန်းပွဲကြီး နွှဲကြပြီ။

\- ရွာဦးကျောင်းမှာ ကထိန်ခင်းလို့
ကောင်းခြင်းဒါန ပြုကြသည်။

\- ဆေးပေါင်းခရာ မဲဇလီခူးလို့
ကြည်ကြည်နူးနူး သုပ်စားမည်။

\- ဗုဒ္ဓမှန်းရည် မီးပုံးပျံလွှတ်လို့
ညီညွတ်ပေါင်းစည်း ပျော်ရွှင်ကြည်။

\- မြန်မာပီပီ ဂါရဝထားလို့
မိဘဘိုးဘွားဦးတင်ချီ
ကန်တော့မည် ကန်တော့မည်။ ။

**မောင်ထည်ဝါ(ပျော်ဘွယ်)**

# ထန်းတပင်မြို့နယ် ဒိုးစိမ့်ကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ထန်းတပင် နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဒိုးစိမ့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်မျိုး၊ ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ဒိုးစိမ့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်း ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာတာဝန်ရှိသူများအားလုံးက ထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ထန်းတပင်မြို့နယ် ဒိုးစိမ့်ကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၂ ဒသမ ၄၅ သန်းအသုံးပြုပြီး အရှည်ပေ ၄၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းကျောက်ရောမြေနီခင်းခြင်းလုပ်ငန်းကို စောသစ္စာကုမ္ပဏီက ဇွန် ၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် စိုက်ပျိုးမြေဧက ၅၀၀ မှထွက်ရှိသည့် စိုက်ပျိုးသီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညို**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ကချင်ပြည်နယ်အတွင်း နွေစပါးဧက ၆၀၀၀ ကျော် စိုက်ပျိုးသွားမည်


ကချင်ပြည်နယ်အတွင်းရှိ မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြစ်ကြီးနား နိုဝင်ဘာ ၃**

ကချင်ပြည်နယ်အတွင်း လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၆၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်ဇော်က ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်အတွင်း နွေစပါးများစိုက်ပျိုးရာတွင် သဘာဝရေအရင်းအမြစ်များဖြစ်သော မြစ်၊ ချောင်း၊ အင်း၊ အိုင်များမှ ရေကို ရေစုပ်စက်များဖြင့်စုပ်တင်ပြီး စပါးစိုက်ဧရိယာများအတွင်းသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ ထိုသို့ နွေစပါး၊ မိုးစပါးများ ရာသီအလိုက် စိုက်ပျိုးနိုင်မှုကြောင့် ဒေသဝမ်းစာ ဖူလုံမှုအပြင် ပိုလျှံသည်များကို စားသောက်ကုန်ထုတ်လုပ်ငန်းများတွင် ကုန်ကြမ်းများအဖြစ် အသုံးပြုကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ကြောင်း သိရသည်။

"လာမဲ့ နွေစပါးစိုက်ရာသီ ကချင်ပြည်နယ်အတွင်းမှာ နွေစပါးစိုက်ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ အဲဒီဧက ၆၀၀၀ ကျော်ကို ဗန်းမော်ခရိုင်ထဲမှာရှိတဲ့ ဗန်းမော်မြို့နယ်နဲ့ ရွှေကူမြို့နယ်တွေမှာ အဓိကထား စိုက်ပျိုးသွားမှာပါ။ အခုနှစ် မိုးရာသီမှာလဲ မိုးစပါးကို ဧကငါးသိန်းထိ လျာထားချက်အတိုင်း အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာ မိုးစပါးကို တောင်ယာတွေကော လယ်ယာတွေမှာပါ စိုက်ပျိုးထားပါတယ်။ အခုဆိုရင် အချို့တောင်ယာစပါးခင်းတွေမှာ မိုးစပါးတွေကို စတင်ရိတ်သိမ်းနေပြီဖြစ်ပါတယ်" ဟု ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်ဇော်က ပြောပြသည်။

ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း စပါးအထွက်နှုန်းများ တိုးတက်မြင့်မားလာစေရန်၊ လျာထားချက်ထက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်စေရန်၊ စပါးစိုက်တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသတွင်း ဝမ်းစာဖူလုံရေးအတွက် စိတ်ချရစေရန် ဒေသခံစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးနည်းလမ်းများ အသိပညာပေးခြင်းနှင့် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူများ စပါးစိုက်ပျိုးချိန်အမီ ချေးငွေပံ့ပိုးနိုင်ရန်အတွက်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်ဇော်က ပြောပြ၍ သိရသည်။

**မိုးယံ(ဥက္ကလာ)**

# မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ပိုက်သင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ပိုက်သင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေများ မပျောက်ပျက်အောင် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျ ထိန်းသိမ်းရန်၊ အသင်းဝင်များက ချေးထားသော ရန်ပုံငွေများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ကြရန်၊ စာရင်းဇယားများ စနစ်တကျပြုစုဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ပိုက်သင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ရန်ပုံငွေကျပ် ၂၃ ဒသမ ၃၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀ ကို ရန်ပုံငွေကျပ် ၂၆ ဒသမ ၅၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ရန်ပုံငွေကျပ် ၃ ဒသမ ၁၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ဝ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝင်းမာ**

# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အဲဗာတန်၊ ဖရန့်ဖတ်၊ ဗယ်လာဒိုးလစ်တို့ကို အားပေးရမှာပါ

ML




အခုတစ်ပတ်ကြားရက်မှာ ဥရောပပြိုင်ပွဲတွေ ကစားခဲ့တာကြောင့် ဥရောပဝင်ခွင့်ယှဉ်ပြိုင်နေတဲ့ကလပ်အသင်းအများစုဟာ ဒဏ်ရာရ၊ ပွဲပယ်တွေရှိနေမှာကို သတိပြုရမှာပါ။ လက်ရှိမှာ ကလပ်အသင်းအများစုဟာ ကမ္ဘာ့ဖလားမတိုင်ခင် ရလဒ်ကောင်းနဲ့အဆုံးသတ်နိုင်ဖို့ ကြိုးစားနေတာကြောင့် ပြိုင်ပွဲတိုင်းက ပြိုင်ဆိုင်မှုပြင်းထန်တာကို တွေ့ရမှာပါ။ ဒါကြောင့်လာမဲ့ စနေနေ့ညမှာလဲ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အသင်းနဲ့တိုက်စစ်ထက်မြက်နေတဲ့အသင်းတွေကိုပဲ ဆက်လက်အားပေးရမှာဖြစ်ပါတယ်။

## အဲဗာတန်ကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အဲဗာတန်အသင်းနဲ့ လက်စတာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ဒဏ်ရာရကစားသမားတွေ ပြန်လည်ပါဝင်နိုင်တာကြောင့် တိုက်စစ်ပိုင်းထက်မြက်လာတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ ပဲလေ့စ်လို ကစားပုံမာကျောတဲ့အသင်းကိုတောင် သုံးဂိုးပြတ်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ သုံးပွဲရှုံး၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ထွက်ပေါ်ခဲ့ပေမဲ့ သူတို့ရှုံးနိမ့်ခဲ့တာက မန်ယူ၊ စပါး၊ နယူးကာဆယ်တို့လို ခြေစွမ်းပြအသင်းတွေဖြစ်တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ပရီးမီးယားလိဂ် ၁၃ ပွဲ ကစားအပြီးမှာ သုံးပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၂) မှာ ရောက်ရှိနေတာကြောင့် လက်စတာလို ခြေရည်တူအသင်းနဲ့ တွေ့ဆုံချိန်မှာ ရမှတ်စုဆောင်းရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုငါးကြိမ်မှာလဲ အဲဗာတန်က ရှုံးပွဲမရှိတာကို တွေ့ရမှာပါ။

နည်းပြရော်ဂျာရဲ့ လက်စတာအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ပုံစံကောင်းရလာပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ် ထွက်ပေါ်ထားခဲ့ပြီး အဝေးကွင်းခြေစွမ်းပိုင်းက စိတ်မချရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီအဝေးကွင်းခြောက်ပွဲမှာလဲ ငါးပွဲရှုံးနိမ့်ခဲ့တဲ့အပြင် ခံစစ်ပိုင်းကလဲ ပေးဂိုး ၁၉ ဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ လက်ရှိသူတို့ အသင်းရဲ့တိုက်စစ်ပိုင်းကိုတော့ မက်ဒီဆင်က ဦးဆောင်နေပြီး သွင်းဂိုးခြောက်ဂိုးနဲ့ ဂိုးဖန်တီးမှုနှစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ခံစစ်ကစားသမားတွေဖြစ်တဲ့ ပါရဲရား၊ ဘာထရန်၊ အန်ဒီဒီ၊ အီဗန်တို့ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ အဲဗာတန်အသင်းရဲ့တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်မြှင့်ကစားလာမဲ့ အဲဗာတန်အသင်းကိုပဲ အားပေးရမှာပါ။

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၁ | - | ၂ | မန်ယူ |
| စပါး | ၂ | - | ၀ | အဲဗာတန် |
| နယူးကာဆယ် | ၁ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၃ | - | ၀ | ပဲလေ့စ် |
| ဖူလ်ဟမ် | ၀ | - | ၀ | အဲဗာတန် |

### လက်စတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၂ | - | ၁ | လက်စတာ |
| လက်စတာ | ၀ | - | ၀ | ပဲလေ့စ် |
| လက်စတာ | ၂ | - | ၀ | လိဒ် |
| ဝုဗ် | ၀ | - | ၄ | လက်စတာ |
| လက်စတာ | ၀ | - | ၁ | မန်စီးတီး |

## ဖရန့်ဖတ် ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အော့စ်ဘတ်အသင်းနဲ့ ဖရန့်ဖတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အော့စ်ဘတ်အသင်းဟာ အခုရာသီမှာ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် ပြိုင်ပွဲတိုင်းရုန်းကန်နေရတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ခြေစွမ်းပြကစားသမား ဖြည့်တင်းမှုမပြုလုပ်နိုင်တာကြောင့် ပြီးခဲ့တဲ့ရာသီကစလို့ကစားပုံကျဆင်းခဲ့ပြီး တန်းမဆင်းရဖို့သာ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာလဲ ၁၂ ပွဲကစားအပြီး လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၄ မှတ်နဲ့ အဆင့်(၁၃)မှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ လက်ရှိနည်းပြ မာအက်စ်ဆန်ကတော့ တိုက်စစ်အသားပေးကစားတဲ့နည်းပြဖြစ်တာကြောင့် ပြိုင်ပွဲစုံမှာ သွင်းဂိုးတွေရရှိခဲ့ပေမဲ့ ခံစစ်ပိုင်းအမှားများနေလို့ ပေးဂိုးတွေများသွားပြီး ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ အထူးသဖြင့် သူတို့အသင်း အိမ်ကွင်းခံစစ်ပိုင်းက ပိုမိုဆိုးရွားတာကြောင့် အိမ်ကွင်းခြောက်ပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး ပေးဂိုး ၁၂ ဂိုးထိခွင့်ပြုခဲ့ရတာကို သတိပြုရမှာပါ။ ဒါကြောင့် နည်းပြမာအက်စ်ဆန်အနေနဲ့ အခုအိမ်ကွင်းပွဲစဉ်မှာ ခံစစ်ပိုင်းမပြင်နိုင်ခဲ့ရင်တော့ ဖရန့်ဖတ်လို တိုက်စစ်အားကောင်းတဲ့အသင်းကို ထိန်းချုပ်ဖို့မလွယ်ပါဘူး။ လက်ရှိသူတို့အသင်းမှာလဲ အဓိကကစားသမားတွေအပါအဝင် ဒဏ်ရာရ၊ ပွဲပယ် ကစားသမား ၁၂ ယောက်ထိရှိနေတာကြောင့် ကစားကွက်ပိုင်းအားနည်းနေမှာ သေချာပါတယ်။

ဖရန့်ဖတ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကြားရက်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ စပို့တင်းလစ္စဘွန်းလို ကစားပုံကောင်းတဲ့အသင်းကို နိုင်ပွဲရယူနိုင်ခဲ့လို့ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ကိုတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြ ဂလက်စနာကတော့ ၃-၄-၂-၁ ကစားကွက်ကို အထိုင်ချကစားနေတယ်ဆိုပေမဲ့ ဒီကစားကွက်မှာ ကွင်းလယ်ကစားသမားတွေ ခံစစ်၊ တိုက်စစ်လိုက်ပါကစားနိုင်တာကြောင့် ရလဒ်ပိုင်းကောင်းမွန်နေတာကို တွေ့ရမှာပါ။ နည်းပြဂလက်စနာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဖရန့်ဖတ်ကိုစတင်ကိုင်တွယ်ခဲ့ပြီး ယူရိုပါလိဂ်ဆုဖလား ရယူပေးနိုင်ခဲ့သလို အခုရာသီမှာလဲ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ကို ပို့ဆောင်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြဂလက်စနာရဲ့ အဝေးကွင်းကစားပုံဟာ ပိုမိုကောင်းမွန်ခဲ့တာကြောင့် ပြီးခဲ့တဲ့အဝေးကွင်းငါးပွဲမှာ တစ်ပွဲပဲ ရှုံးနိမ့်ခဲ့ပြီး တိုက်စစ်ပိုင်းက ၁၁ ဂိုးထိရရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာလဲ ဖရန့်ဖတ်က သုံးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်နဲ့ အသာရခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ အဝေးကွင်းတိုက်စစ်ကစားပုံကောင်းမွန်ပြီး နည်းစနစ်ပိုင်းကြွယ်ဝတဲ့ နည်းပြဂလက်စနာရဲ့ ဖရန့်ဖတ်အသင်းကို အိမ်ကွင်းကစားအားကျဆင်းနေတဲ့ အော့စ်ဘတ်အသင်း ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် တွေ့ဆုံမှုအစဉ်အလာနဲ့ အဝေးကွင်းကစားအားကောင်းနေတဲ့ ဖရန့်ဖတ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### အော့စ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၁ | - | ၁ | ဝုဖ်ဘတ် |
| ကိုလုံး | ၃ | - | ၂ | အော့စ်ဘတ် |
| အော့စ်ဘတ် | ၂ | - | ၅ | ဘိုင်ယန်မြူးနစ် |
| အော့စ်ဘတ် | ၃ | - | ၃ | လိုက်ပ်ဇစ် |
| စတုဂတ် | ၂ | - | ၁ | အော့စ်ဘတ် |

### ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကစ်ကာ | ၀ | - | ၂ | ဖရန့်ဖတ် |
| ဂလာဘတ် | ၁ | - | ၃ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၂ | - | ၁ | မာဆေး |
| ဖရန့်ဖတ် | ၁ | - | ၂ | ဒေါ့မွန် |
| စပို့တင်းလစ္စဘွန်း | ၁ | - | ၂ | ဖရန့်ဖတ် |

## ဗယ်လာဒိုးလစ်ကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗယ်လာဒိုးလစ်နဲ့ အယ်ချီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အိမ်ကွင်းကစားအားကောင်းတဲ့ ဗယ်လာဒိုးလစ်အသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာရှုံးပွဲကြုံခဲ့တာကြောင့် အခုပွဲစဉ်ကိုမဖြစ်မနေအနိုင်ရဖို့ ပြင်ဆင်လာမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး သူတို့အသင်းရှုံးနိမ့်ခဲ့တာက အိမ်ကွင်းပွဲစဉ်တွေပဲဖြစ်တာကို သတိပြုရမှာပါ။ အဲဒီပွဲစဉ်မှာ ဘက်တစ်လို ကစားအားကောင်းတဲ့အသင်းကို သရေကစားနိုင်ခဲ့သလို တိုက်စစ်ထက်မြက်တဲ့ ဆယ်တာဗီဂိုနဲ့ ဆိုစီဒက်တို့ကိုလဲ အနိုင်ယူခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၂ ပွဲအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ သူတို့အသင်းအနိုင်ရခဲ့တဲ့ပွဲစဉ်တွေက အိမ်ကွင်းတွေများနေတာကို တွေ့ရမှာပါ။ သူတို့အသင်းရဲ့ ၃-၅-၂ ကစားကွက်ဟာ အသင်းလိုက်ကစားကွက်ပိုင်းကောင်းမွန်တဲ့အပြင် တိုက်စစ်မှူးလီအွန်ကလဲ အိမ်ကွင်းပွဲစဉ်တိုင်းလိုလို ဂိုးသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အခုပြိုင်ပွဲမှာ လီအွန်က သွင်းဂိုးငါးဂိုးနဲ့ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ပြီး ခြေစွမ်းပြကစားနိုင်ခဲ့တာဖြစ်ပါတယ်။

အယ်ချီအသင်းကတော့ အခုရာသီအမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲမှာ နိုင်ပွဲမရသေးဘဲ လေးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါ့ပြင် သူတို့အသင်းတိုက်စစ်ပိုင်းက သွင်းဂိုးရှစ်ဂိုးပဲသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းကတော့ ပေးဂိုး ၂၇ ဂိုးထိ ခွင့်ပြုခဲ့ရတာကြောင့် အခုပြိုင်ပွဲမှာ ပေးဂိုးအများဆုံးအသင်းအဖြစ်ရပ်တည်နေတာတွေ့ရမှာပါ။ သူတို့အသင်းဟာ ရလဒ်ပိုင်းဆိုးရွားနေတာကြောင့် ပြီးခဲ့တဲ့အောက်တိုဘာလမှာ နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် နိုင်ပွဲရှာမရသေးတာကို သတိပြုရမှာပါ။ လက်ရှိ နည်းပြသစ်အယ်မီရွန်ကတော့ ၃-၅-၂ ကစားကွက်မှာ ဂိုးရဖို့အခွင့်အရေးတွေဖန်တီးနိုင်ခဲ့ပေမဲ့ တိုက်စစ်မှူးတွေက အပိုင်အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တဲ့အပြင် ကွင်းလယ်တောင်ပံကစားသမားတွေခြေစွမ်းပြဖို့ ရုန်းကန်နေရတာကြောင့် အလုပ်မဖြစ်သေးတာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲမှာလဲ အိမ်ကွင်းကစားအားနဲ့ ရမှတ်တွေစုဆောင်းနေတဲ့ ဗယ်လာဒိုးလစ်အသင်းရဲ့ ကစားပုံထက်မြက်မှုကြောင့် ကစားကွက်ပိုင်းအထိုင်မကျသေးတဲ့ အယ်ချီအသင်းရလဒ်မကောင်းနိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းပွဲစဉ်တွေမှာ အစဉ်အလာအရ ရှုံးပွဲမရှိခဲ့တဲ့ ဗယ်လာဒိုးလစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဗယ်လာဒိုးလစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗယ်လာဒိုးလစ် | ၀ | - | ၀ | ဘက်တစ် |
| အက်စ်ပန်ညို | ၁ | - | ၀ | ဗယ်လာဒိုးလစ် |
| ဗယ်လာဒိုးလစ် | ၄ | - | ၁ | ဆယ်တာဗီဂို |
| ဗယ်လာဒိုးလစ် | ၁ | - | ၀ | ဆိုစီဒက် |
| အိုဆာဆူနာ | ၂ | - | ၀ | ဗယ်လာဒိုးလစ် |

### အယ်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အယ်ချီ | ၁ | - | ၁ | မာယော့ကာ |
| ဗလင်စီယာ | ၂ | - | ၂ | အယ်ချီ |
| အယ်ချီ | ၀ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| အက်စ်ပန်ညို | ၂ | - | ၂ | အယ်ချီ |
| အယ်ချီ | ၀ | - | ၁ | ဂီတာဖေး |







## အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဒေါ်စိန်စိန်ထွေး၏သား **မောင်သူစိမ်ထွန်း (၉/မဟာမ(နိုင်)၀၂၁၆၇၉)** သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိန်စိန်ထွေး**

### ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ အောင်အောင်ဦး (ဘ) ဦးဝင်းလှိုင် (၁၄/မမန(နိုင်)၂၈၆၁၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၈၃၄၆၀၇၉၇**

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ မကုဒ်မေရီ (ဘ)ဦးချိုးဇက်ရာ(ချ) (၁၄/ပသန(နိုင်)၀၃၇၇၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၆၀၃၁၈၂၂၈**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ဦးထွန်းကြည်

**အသက်(၈၅)နှစ်**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အငြိမ်းစား)

ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ အိုင်တလုပ်ရွာနေ (ဦးမြဂုံး+ဒေါ်မြရှင်)တို့၏သား ဦးဘိုးကြင်၊ ဒေါ်မယ်အုံတို့၏သားသမက်၊ မန္တလေးမြို့ပြည်ကြီးတံခွန်မြို့နယ်၊ကျွဲဆည်ကန်(၁)လမ်း၊ အိမ်အမှတ်(က-၁၂)နေ ဒေါ်ချိုချိုပြုံး၊ ဦးတင်မောင်ထွေး+ဒေါ်မြစန္ဒာ၊ ဦးဟန်မင်းလှိုင်+ဒေါ်လှသီတာ၊ ဦးမျိုးအောင်+ဒေါ်ဝင်းဝင်းမြတ်၊ ဒေါ်နီလာကြည်၊ ဒေါ်သူရိယထွန်း၊ ဦးတင်မောင်ဝင်း+ဒေါ်လဲ့လဲ့အေး၊ ဦးတင်မောင်ထွန်း တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး(၆)ယောက်၊ မြစ်(၁)ယောက်တို့၏ဘိုးဘိုး၊ (ဒေါ်လှကြိုင်)၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ

## ဦးထွန်းကြည်

**အသက်(၈၅)နှစ်**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အငြိမ်းစား)

သည် ၁၃၈၄-ခု၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ နံနက် (၈း၂၈)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၅-၁၁-၂၀၂၂)ရက်နေ့ မွန်းလွဲ(၁း၀၀)နာရီတွင် "တောင်အင်း၊ မြောက်အင်းသုသာန်"သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**သစ်ပင်စိုက်မှအရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏**

"အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်း မဲပေးဖို့လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး လွတ်လပ်ပြီးတရားမျှတစွာ နေရာအနှံ့အကြားအလပ်မရှိ ကျင်းပနိုင်ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာတရားမျှတမှုနဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းဖို့လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့ လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**
**၁-၈-၂၀၂၂**

# ပွင့်လင်းရာသီအစတွင် တန်ဆောင်တိုင်ပွဲတော်နှင့် ဘုရားဖူးခရီးစဉ်၊ အပန်းဖြေခရီးစဉ်တို့အတွက် ခရီးသွားများပြင်ဆင်




**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၂၂ ခုနှစ်၏နိုဝင်ဘာလပွင့်လင်းရာသီခရီးသွားရာသီသို့စတင်ဝင်ရောက်လာချိန်တွင် ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများမှ ခရီးသွားများ ပြင်ဦးလွင်နှင့်လားရှိုးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်နှင့်ဘုရားဖူးခရီးစဉ်၊ အပန်းဖြေခရီးစဉ်တို့အတွက် ပြင်ဆင်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းမှ သိရသည်။

နိုဝင်ဘာလပွင့်လင်းရာသီမတိုင်မီကပင် အဘအောင်မင်းခေါင်ပွဲ၊တောင်ပြုန်းပွဲ၊ပုဂံ၊ပုပ္ပား၊ပင်လယ်ကမ်းခြေများနှင့် သီတင်းကျွတ်ပွဲတော်ကာလတို့တွင် ဘုရားစေတီတို့၌ ပြည်တွင်းခရီးသွားများစည်ကားခဲ့ပြီး **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့်ပါလီပါလဲ့ကျွန်း၊ဟိုင်းကြီးကျွန်း အပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ထွက်ခွာ**
စာမျက်နှာ - ၂၃

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ဒိုင်းဆုရရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင်
**စာမျက်နှာ ၂၁ ကော်လံ ၁ ☐**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး ပထမဆုရရှိသည့်မကွေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။**

ဇမ္ဗူလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသဘ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် –
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု